# ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (29-1-2004) (၄၁၃၀)

ယနေ့ထုတ်စောင်ရေ ၁၉၆၉၇၁


**မာတာပိတု ဥပဋ္ဌာနံ တေံ မင်္ဂလ မုတ္တမံ။**

**အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။**

## ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြရမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံပျံ့နှံ့နေထိုင်လျက်ရှိကြသလို ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုစီသည်လည်း တိုင်းရင်းသား လူမျိုးများ အတူတကွ ပူးပေါင်းနေထိုင်သည့် ပြည်ထောင်စုငယ်များပင်ဖြစ်သည်။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွယ် နေထိုင်ကြပြီး ခွဲခြား၍မရသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြဖို့လိုသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်
မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၃၅)
သင်တန်းဆင်းပွဲသြဝါဒမိန့်ခွန်းမှ

## နှုတ်ဆက်

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံတော် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ်အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမတွင် နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအို ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

### တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်တာဗီဘော့ဟီစိမ်း တက်ရောက်သည်။ (သတင်းစဉ်)

**နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ဇန်နဝါရီ၂၈ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ကြေးမုံ The Mirror

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတိုးမြှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဆောင်ရွက်

၂၉-၁-၂၀၀၄ (ကြာသပတေးနေ့)

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားကြရမည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်းလူတိုင်းကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းများဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများကသာ မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်း တည်ဆောက်ရာတွင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားအလိုက် အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင် သန်စွမ်းရေးကို ဦးတည်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ကျန်းမာရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ယူ ကုသပညာပေးဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။ ငှက်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီရောဂါ၊ အနာကြီးရောဂါစသည့် ရောဂါများနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများကို ကာကွယ်နိုင်ရန် စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်သူတိုင်း ကျန်းမာခြင်းသုခ ပြည့်စုံစွာရရှိစေရန် ဖန်တီးဖော်ဆောင်ရာ၌ ကျန်းမာရေးဌာနတစ်ခုတည်းသာမက ပြည်သူလူထုကပါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက် ကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဇန်နဝါရီလ ၂၄ ရက်နေ့က ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ထာဝစဉ် သန့်ရှင်းသာယာလှပစေရေး၊ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်များ ရှင်းလင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းသည် မြို့တော်ကြီးကို သန့်ရှင်းသာယာစေသည်သာမက ရောဂါဖြစ်ပွားစေနိုင်သည့် ခြင်၊ ယင်ပေါက်ဖွားမှုများမှလည်း ကာကွယ်နိုင်သည်။

ထို့ကြောင့် မြို့တော်သူ၊မြို့တော်သားများက မိမိတို့မြို့၊ ရွာ၊ ရပ်ကွက်အလိုက် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများတွင် ကျန်းမာရေးအသိအမြင်ဖြင့် စနစ်တကျ ပါဝင်ကူညီကြရမည်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများက ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေပညာပေးခြင်း၊ အချိန်ရာသီအလိုက် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးခြင်းတို့ဖြင့် အသိပညာပေးလျက်ရှိသည်။

ပြည်သူများအပိုင်းကလည်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ မိမိနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများကို အစဉ်အလေးထား ဂရုပြုလိုက်နာကြရန် လိုအပ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့် ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားလုံးကလည်း ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများကို အစဉ်တစိုက် ဂရုပြုဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## ဒို့ဥယျာဉ် အစဉ်တင့်စေဖို့

အရှေ့တောင် အာရှ
ဒီဒေသတစ်ခွင်
ပန်းရာကျော်စုံညီ အလှနဲ့
သဘာဝ စုကာစည်း
တစ်ခုတည်း မြန်မာဥယျာဉ်။

ပန်းအကုန် ဖူးငုံပွင့်
လန်းစွင့်လို့ မွှေးကြိုင်စွာ
ဥယျာဉ်သာ ဖြစ်ရေး၊

ဒီဥယျာဉ် မြေလွှာဓာတ်နဲ့
ဆီလျော်ရာ ဖော်ကာစပ်ပါတဲ့
မြေသြဇာ ခုနစ်ရပ်ကိုလ
သင့်မြတ်ရာ အချိန်ရွေး
ကျွေးသွားစို့လေး။ ။

ပျံလွှား

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်။

# မဟာတေဇောဓိပတိ သဒ္ဒါစေတနာ တပြုံပြုံ

ရတနာစည်ဆရာတော် (လွိုင်လင်)

(က)

မဟာတေဇောဓိပတိဟူသည် ကြီးမားသော ဘုန်းတေဇတို့၏ အကြီးအမှူးဟု အဓိပ္ပာယ်ရပါ၏။ ယင်းအဓိပ္ပာယ်သက်ဝင် တည်ရှိရာဒြပ်သည် သာမန်လူဒြပ်၊ နတ်ဒြပ်၊ ဗြဟ္မာဒြပ် မဟုတ်နိုင်။ ယင်းတို့ထက် ဘုန်းတေဇ ကဲသာစိုးချုပ်သော မြတ်ဗုဒ္ဓဒြပ်(သို့မဟုတ်)မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များစံပျော်ရာ စေတီဒြပ်သာဖြစ်နိုင်၏။ မှန်ပါသည်။ ဗြဟ္မာနတ်လူ သုံးဘုံသူတို့တွင် နှိုင်းတူကင်းပ အတုလမုနိ မဟာတေဇောဓိပတိ စေတီတော်မြတ်၏ ဒြပ်ပုံတော်ပါပင်။

ယင်းဒြပ်ပုံတော်နှင့် စပ်လျဉ်း၍ ဤသို့ရေးသားပူဇော်ခဲ့ဖူးပါ၏။

"ဤမဟာတေဇောဓိပတိစေတီတော်သည် ရွှေတိဂုံပုံတူ ဖြစ်သော်လည်း ထူးခြားချက်မှာ ဖိနပ်တော် အကျယ် ၁၃၈ ပေပေါ်ဝယ် အမြင့် ၁၉ ပေလေးဘက်ညီ လိုဏ်ပေါက်ထားကာ ထိုလိုဏ်ပေါ်တွင် အမြင့် ၈ ပေ အထက်ရောင်လင်းပေါက် တပ်ဆင်ထားခြင်းဖြင့် ခံ့ညားထည်ဝါလွန်းသော ဂန္ဓကုဋီတိုက်ကြီး ဖြစ်ပေါ်လာပြီး ယင်းစုစုပေါင်းအမြင့် ၂၇ ပေရှိ ဂန္ဓကုဋီတိုက်အပေါ်၌သာ ၈၁ ပေ အမြင့် ရွှေတိဂုံပုံတူ တည်ထားခြင်းဖြစ်ပေ၏။ ဂန္ဓကုဋီတိုက်ခြေမှ ငှက်ပျောဖူးတော်အထိ စုစုပေါင်း ဉာဏ်တော်အမြင့် ၁၀၈ ပေ ဖြစ်လေ၏။"

"ထို့ကြောင့် မိုင်းပန်မြို့ မဟာတေဇောဓိပတိစေတီတော်၏ ဒြပ်ပုံသည် အဝေးမှ ဖူးမြင်သောအခါ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ရဘိသို့အနီးဖိနပ်တော်မှ ဖူးမြင်ရသောအခါ ပုဂံအာနန္ဒာစေတီတော်ကို ဖူးမြင်ရဘိသို့၊ ဂန္ဓကုဋီတိုက်တွင်း ဝင်ရောက်ဖူးမြင်ရသောအခါ စွယ်တော်မြတ်စေတီတော်အတွင်း ဝင်ရောက်ဖူးမြင်ရဘိသို့ စေတီပုထိုးအစုံစုံ ပါသာဒိက အဖုံဖုံတို့ကို တစ်နေရာတည်း စုပုံဖူးမြော်ရသောအသွင်စိတ်တွင် ထင်မြင်ခံစား ပီတိပါးရသည်မှာ ထူးခြားသော ဝိသေသဖြစ်လေ၏" (၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နှင့် ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ မိုင်းပန်ရဲ့ နှိုင်းစံမဲ့ဆောင်းပါး။)

ယနေ့သော် မဟာတေဇောဓိပတိ၌ သဒ္ဒါစေတနာတပြုံပြုံဖြင့် ပီတိတဖွားဖွားအားတရ အံ့တသြပြောမဆုံးဖွယ် မြင်ကွင်းများအဖြစ် စေတီကုန်းမြင့်၏ အရှေ့မြောက်အရပ်၌ သဒ္ဓမ္မဝိကာသိနီ ရွှေသိမ်တော်၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဆင်းတုတော်တို့ သီတင်းသုံးစံပယ်တော်မူသော ဗောဓိဥယျာဉ်တော်၊ မြောက်အရပ်၌ ရေကန်တော်၊ အနောက်တောင်အရပ်၌ ဘုန်းတော်ကြီးကျောင်း၊ တောင်မျက်နှာယွန်းယွန်း၌ သာသနာ့ဗိမာန်တော်ကြီး၊ အရှေ့တောင်အရပ်၌ ရေကန်တော်တွင် ရှင်ဥပဂုတ္တာသီတင်းသုံးတော်မူသည့် ကျောင်းဆောင်တော်တို့ကိုပါ ကြည်ညိုစွာရှုမဆုံး သဒ္ဒါမျက်လုံးဖြင့် နှလုံးငြိဖွယ် ဖူးမြင်နေရလေပြီ။

(ခ)

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းပန်မြို့၌ နိုင်ငံတော်အစိုးရကတည်ထားအပ်သော မဟာတေဇောဓိပတိစေတီတော် ရွှေထီးတော်တင်ပွဲ ကျင်းပတော့မည့်သတင်း၊ ထိုထီးတော်တင်ပွဲ၌ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့် ရှမ်းပြည်နယ် (တောင်–မြောက်–အရှေ့)ရှိ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ စုစုပေါင်း ၁၀၈ ပါး ပင့်ဆောင်မည့်သတင်း၊ တောင်ကြီးမြို့ကို စုရပ်ထားရှိပြီး သတ်မှတ်သောနေ့ရက်၌ မိုင်းပန်မြို့သို့ ပင့်ဆောင်ရာဝယ် နေ့ဆွမ်းဆက်ကပ်မည့်နေရာအဖြစ် လွိုင်လင်မြို့ ရတနာစည်ကျောင်းတိုက်ကို လျာထားသည့်သတင်းများ တစ်မဟုတ်ချင်း သိရှိလာရခြင်းနှင့်အတူ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ညွှန်ကြားချက်၊ ပြည်နယ်သာသနာရေး ဦးစီးမှူး ဦးအောင်ကြည်၏ စီမံချက်၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ လွိုင်လင်ခရိုင်သာသနာရေးမှူး ဦးစိုင်းဘမင်းတို့၏ အနီးကပ်ဆောင်ရွက်ချက်တို့ဖြင့် ရတနာစည်အနုဂ္ဂဟအဖွဲ့ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ခွဲအဖို့ ထန်ကဲဝမ်းမြောက်စွာ ဝေယျာဝစ္စ ကုသိုလ်ဆည်းပူးခွင့် ရရှိခဲ့လေ၏။

ဤရတနာစည်အနုဂ္ဂဟအဖွဲ့ကား **ကောင်းရာရှေးရှု၊ ကောင်းတာပြု၊ ကောင်းမှုရတနာစည်ပါစေ** ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ လုပ်ချင်သူ၊ လုပ်တတ်သူ၊ လုပ်နိုင်သူတို့၏ အစုအစည်းတစ်ခုဖြစ်နေသောကြောင့် ဘာသာသာသနာရေးရာကိစ္စရပ်များ၌ အားကိုးရသော အဖွဲ့ဖြစ်ပါသည်။

ဤအရှင်တို့ကလည်း ဤသို့အားပြည့်အင်ပြည့် ပေးထား၏။

"စဉ်းစားကြည့်နော်။ ကိုယ့်ဘာသာကိုယ်ဆိုရင် ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ။ ရန်ကုန်က နိုင်ငံတော်သံဃမဟာနာယကကြီးတွေလည်းပါတယ်။ လားရှိုးက၊ လွိုင်ကော်က ဆရာတော်ကြီးတွေလဲပါတယ်။ တောင်ကြီး–ဟိုပုန်း–မိုင်းပွန်–ပင်လုံ–လွိုင်လင်ဆရာတော်တွေအစုံပါတယ်။ ဒေသစုံကဆရာတော်တွေကို ဆွမ်းကပ်ခွင့်၊ ဝေယျာဝစ္စဆောင်ရွက်ခွင့်ဆိုတာ ကံကောင်းလွန်းလို့ရတာ"

သို့ဖြင့် သတ်မှတ်ရက် နံနက် ၉ နာရီတွင် မိုင်းပွန်နှင့် ပင်လုံတို့မှ ဆရာတော်များ ရောက်ရှိတော်မူလာကြသကဲ့သို့ လွိုင်လင်မှ မြို့လယ်ဆရာတော်၊ ခတ်တော်ဆရာတော်၊ ဓမ္မစေတီဆရာတော်တို့လည်း ရောက်ရှိလာကြပြီး ၁၀ နာရီတွင်မူ တောင်ကြီးစုရပ် ဆရာတော်များ ဗင်ကားသုံးစီး၊ မှန်လုံကားတစ်စီးတို့ဖြင့် ကပ္ပိယကာရကများ၊ ပင့်ဆောင်ရေးတာဝန်ခံများပါ ရောက်ရှိလာကြလေ၏။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်မြို့ဇောတိကာရုံဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလဇောတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းလေးရွှေဘုံသာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝေပုလ္လာဘိဝံသ၊ နိုင်ငံတော်ဗဟိုဝန်ဆောင် တောင်ကြီးစွန်းလွန်း ကမ္မဋ္ဌာန်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ၊ နိုင်ငံတော် ဗဟိုဝန်ဆောင် တောင်ကြီးဘုရားကြီး မြောက်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရ၊ နိုင်ငံတော်ဗဟိုဝန်ဆောင် လွိုင်ကော် မင်းကျောင်းဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ လားရှိုးကာမိန်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ၊ နိုင်ငံတော်ဗဟိုဝန်ဆောင် လားရှိုးရန်အောင်မြင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တ၊ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ၊ တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ဦးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုန္ဒက၊ တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် တောင်ကြီးဘုရားကြီး အနောက်ကျောင်း ဆရာတော် ဘဒ္ဒန္တ သဇ္ဇန (ဒီဃဘာဏက)၊ တောင်ကြီးသိမ်တောင်စာချဘဒ္ဒန္တတေဇဝန္တ (ဓမ္မာစရိယ)စသော ဆရာတော်များဖြစ်ကြပါသည်။

ဤအရှင်တို့သည် တောင်ကြီးမြို့မှ ဆရာတော်များနှင့်မူ အကျွမ်းတဝင်ဖြစ်နေသဖြင့် မကြာခဏဆုံစည်း ဖူးမြော်ခွင့်ရှိနေသော်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်မြို့ ဇောတိကာရုံဆရာတော်ကြီးကိုကား ယခုမှပင် ဖူးမြင်ခွင့်ရသည့်အတွက် ကြည်ညိုစွာ ကြည်နူးရပါ၏။ ထို့ပြင် ကွဲကွာနေခဲ့သည်မှာ နှစ်များစွာကြာခဲ့ပြီဖြစ်သော လားရှိုးမြို့ ရန်အောင်မြင်ဆရာတော်နှင့် ပြန်လည်ဆုံစည်းရသည့်အတွက် ငယ်ကဖြစ်စဉ်တွေ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ရသည်မှာလည်း ကြည်နူးစွာ ကြည်မွေ့ရပါ၏။

သည်သို့ ဆရာတော်များအချင်းချင်း ဂါရဝပြုကြ၊ အာလာပသလ္လာပ ပြောဆိုကြ၊ စပ်မိစပ်ရာ စကားဝိုင်းဖွဲ့ကြရင်း ရင်ခွေးအောင် ရေနွေးကြမ်းဘုဉ်းပေးကြစဉ် ဆရာတော်တစ်ပါး ရုတ်တရက် ခေါင်းမူးလာသောကြောင့် ချက်ချင်းဆရာဝန်အပင့်ခိုင်းရ၏။ ဆရာဝန်များ ချက်ချင်းရောက်လာကြ၏။ ခုတင် ၂၀၀ အထူးကုဆေးရုံကြီးမှ သမားတော်ဒေါ်အေးအေးမူ ဖြစ်ပါသည်။

သည်တွင် ဂုဏ်ယူစကားတစ်ခွန်းပြောအပ်သည်မှာ "ယနေ့ လွိုင်လင်သည် မနေ့က လွိုင်လင်မဟုတ်တော့"ဟုဖြစ်၏။ မနေ့က လွိုင်လင်သာဆိုလျှင် ယခုလို အရေးပေါ်ကိစ္စမျိုးဝယ် ခက်ခက်ခဲခဲ ကြွကြွကြာကြာ ဖြစ်နိုင်၏။ ယနေ့ လွိုင်လင်သော်မူ တပ်မတော်အစိုးရ၏ လွိုင်လင်ခရိုင် ပင်လုံ ဂုဏ်ပြုတည်ဆောက်မှုအဖုံဖုံ တိုးတက်မှုအစုံစုံ အထူးဖွံ့ဖြိုးရေးဒေသ အရှိန်အဟုန်ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကြေးနန်းဆက်သွယ်ရေးစသည့် ဘက်စုံထောင်စုံ မြင့်မားလာနေပါချေပြီ။ မကြာသေးမီကပင် "ရောဂါလား လွိုင်လင်ဆေးရုံကြီးရှိတယ်" ဆောင်းပါးရေးသားခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် ခုတင် ၂၀၀ အထူးကုဆေးရုံကြီးအဖြစ် ထီးထီးမားမားပေါ်ထွန်းလာပြီဖြစ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်း၏ ဦးဆောင်မှုအောက်ဝယ် သမားတော်များ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများဖြင့် ရောဂါဇာစ်မြစ်ကို တိကျစွာရှာနိုင်၊ ထိရောက်စွာကုနိုင်ခြင်းတို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်လျှင် အချိန်မရွေး ကယ်မပေးနိုင်သော အခြေအနေရောက်ရှိနေလေပြီ။

သမားတော်ဒေါ်အေးအေးမူက ဆရာတော်ကြီးအားဦးချ၍ သွေးတိုင်းသောအခါ အထက်၊ အောက်သွေးများ အလွန်တက်နေကြောင်း တွေ့ရှိရ၏။ သမားတော်ပီပီ လိုအပ်ရာတို့ကို အချိန်ယူစစ်ဆေးပြီးသော် လိုအပ်သောဆေးဝါးများကို လှူဒါန်း၏။ အခြားသော ဆရာတော်ကြီးအချို့တို့လည်း တစ်ပါးပြီးတစ်ပါး လက်မောင်းပတ်၊ နားကြပ်ထောက်ဖြင့် တဒင်္ဂကျန်းမာရေး စစ်ဆေးခံယူကြလေ၏။ ယင်းတဒင်္ဂ ကျန်းမာရေး စစ်ဆေးမှုသည် နောက်ရက်ပေါင်းများစွာသို့တိုင် ကျန်းမာခြင်းနှင့် ရွှင်လန်းခြင်းကို ဆောင်ကြဉ်းသွားလေ၏။

ဤတွင် ၂၃-၂-၉၅ ရက်စွဲ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၂၆) နောက်ဆုံးနှစ်သင်တန်းများအား မိန့်ကြားခဲ့သည့် စကားတစ်ခွန်းကို ထုတ်ပြအပ်၏။

"နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန် မြင့်မားလာနေပြီဖြစ်ရာ နောင်ငါးနှစ်ဆိုပါက နယ်စပ်ဒေသနှင့် အတွင်းပိုင်း ဆူကြုံနိမ့်မြင့် ကွာခြားမှု အတော်အတန် ကျဉ်းကျုံ့သွားမည်ဖြစ်ကြောင်း။"

တစ်ကယ်ပင် စကားနောက်တရားပါခဲ့၏။ စကားက သစ္စာစကားဖြစ်သဖြင့် စကားနောက်၌ သစ္စာတရားက ထက်ကြပ်မကွာ ပါလာခဲ့၏။ ကြည့်ပါ။ ထိုစကား၏ နောက်ငါးနှစ်တာကာလ ခရစ်နှစ် ၂၀၀၀ ဤမှာဘက်ဝယ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့၏ ပီပြင်သော အရှိန်အဟုန်ကြောင့် နယ်စပ်ဒေသနှင့် အတွင်းပိုင်း၊ အတွင်းပိုင်းနှင့် ကွက်လပ်ဒေသပိုင်း၊ တိုင်းနှင့် ပြည်နယ်များအပိုင်း၊ တိုင်းနှင့် တိုင်းများအပိုင်း၊ ပြည်နယ်နှင့် ပြည်နယ်များအပိုင်း အပိုင်းပိုင်း အစိတ်စိတ် ဦးထိပ်မှခြေဖျား ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော (ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေပြား)အစပြုသည့် ပြည်ထောင်စု သုံးဆယ့်နှစ် ကောဋ္ဌာသအားလုံး ရောဂါကင်း၍ ဖွံ့ဖြိုးခြင်းဆီ ရှေးရှုချီနေသည်မှာ စကားနောက် တရားပါလာခြင်း မဟုတ်လော။

နံနက် ၁၁ နာရီတွင် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ဆရာတော်များအား ဆွမ်းဆက်ကပ်သောအခါ ကြက်သားကိုပြုတ်၍ ကျောက်ပွင့်နှင့် ရစ်နယ်ပြီး မုန်လာဥနီ အကွင်းလိုက်ပါးပါးလှီးကာ ငရုတ်၊ သံပရာ တို့ဖြင့် တန်ဆာဆင်ထားသော အသုပ်ဟင်းလျာ (ချဉ်၊ ဆိမ့်၊ ငန်၊ စပ်) တစ်ခွက်မှာ နာမည်ကြီးသွားလေ၏။ ရှမ်းပြည်နယ်၏ ဆောင်းအေးအေးမှာ ရင်နွေးနွေး ဘုဉ်းပေးကြရသောကြောင့် ဖြစ်ပါသည်။

ဆရာတော်များ ဆွမ်းကိစ္စပြီး၍ နောက်ပါကပ္ပိယများနှင့် ယာဉ်မောင်းနောက်လိုက်များပါ စားသုံးပြီးကြသောအခါ မွန်းလွဲပိုင်းတွင် လွိုင်လင်မြို့မှ မိုင်းပန်မြို့သို့ ယာဉ်တန်းထွက်ခဲ့ကြရာ ဆရာတော်များ၏ မေတ္တာရောင်ခြည်သည် ရတနာစည်မှတစ်ဆင့်တစ်ခရိုင်လုံးနှင့် တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်သွားလေပြီဟု ခံစားကြရပါကုန်၏။

ယာဉ်တန်းသည် ကျယ်ပြန့်သောလမ်းပေါ်၌ နင်လာရခြင်းကြောင့် နမ့်စန်မြို့၊ မိုးနဲမြို့များကို လျင်မြန်စွာကျော်လွန်လာခဲ့ပြီး လင်းခေးမြို့သို့ရောက်လာ၏။ မြို့ပတ်လမ်းမှ ဆက်လက်မောင်းနှင်လာရာ တစ်ခဏအတွင်း လင်းခေးတံတားသစ်ကြီးပေါ် ဖြတ်ကျော်ခဲ့လေသည်။ ဤတံတားသစ်ကြီးမှာ လူသွားလမ်းအကျယ်တစ်ဖက်သုံးပေစီ ယာဉ်သွားလမ်းအကျယ် ၂၄ပေရှိပြီး ပေ၂၉၀ အရှည် သံကူကွန်ကရစ်တံတားကြီးဖြစ်၍ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ဖြစ်ကာ ၁၁-၉-၂၀၀၃ ရက်စွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဖွင့်လှစ်ပေးခဲ့သော တံတားသစ်ကြီးဖြစ်ပါသည်။ မြို့ပတ်လမ်းမှာမူ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၏ ပံ့ပိုးမှုဖြင့် အသစ်ဖောက်လုပ်ထားခြင်းဖြစ်၏။

ယာဉ်တန်းသည် မြို့ပတ်လမ်းသစ်မှ တံတားသစ်ကြီးပေါ် ဖြတ်ကျော်ခဲ့ပြီးသော်အမြင့်ပေ ၂၂၂၂ပေရှိ မိုင်းပန်မြို့သို့ တောင်တက်လမ်းဖြင့် တက်သောအခါ လမ်းတစ်လျှောက်စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ထွင်ပြုပြင်လျက်ရှိကြောင်း တွေ့မြင်ရပြီး ညဦးပိုင်းဝယ် မိုင်းပန်မြို့တည်းကျောင်းသို့ ရောက်ရှိလေ၏။

ဤတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ် မင်းချောင်း တံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိစဉ် ၂၈-၂-၉၉ ရက်စွဲ၌ မှာကြားထားသော အမှာစကားတစ်ရပ်ကို ထုတ်နုတ်အပ်ပါ၏။

"ပြည်နယ်နှင့်တိုင်းတစ်ခုနှင့်တစ်ခု၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သော လမ်းမကြီးများနှင့် တံတားကြီးများကို ကြိုးစားပမ်းစားတည်ဆောက်နေသည်မှာ တိုင်းရင်းသားအချင်းချင်း သွေးစည်းချစ်ကြည်ရင်းနှီးရေး၊ တိုင်းရင်းသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးတို့အတွက် ဦးတည် တည်ဆောက်နေခြင်းဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုလွယ်ကူလာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်းထိတွေ့ဖန်များပြီး ခင်မင်ရင်းနှီးကာ တစ်သွေးတည်း တစ်သားတည်း ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားလာမှာဖြစ်သည်။"

နောက်ရက်နံနက်တွင် မဟာတေဇောဓိပတိစေတီတော်ကြီး၏ အရှေ့မြောက်အရပ်၌ တင့်တယ်စွာ တည်ဆောက်ပြီးဖြစ်သော ဝိကာသိနီ ရွှေသိမ်တော်ကြီး သိမ်သမုတ်ပွဲကို ထိုသိမ်တော်အတွင်း၌ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်–ဇောတိကာရုံ ဆရာတော်ကြီး၊ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ဝင် အင်းလေး–ရွှေဘုံသာ ဆရာတော်ကြီး၊ ရန်ကုန်–ရွှေသုဝဏ်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယ(MA) အမှူးပြုသည့် ရဟန်းသံဃာ ၁၂၂ ပါးတို့ဖြင့် ဝိနည်းဓမ္မကံနှင့်အညီ ဆောင်ရွက်ကြ၏။ သိမ်သမုတ်ပွဲ အောင်မြင်ပြီးမြောက်သောအခါ မိုင်းပန်တပ်နယ်မှ ဗိုလ်မှူးချုပ်ညွှန့်လှိုင် ဦးဆောင်သော စေတနာရှင်များက သီမာသမ္မုတိဝိဇယမင်္ဂလာ အထိမ်းအမှတ် သိမ်ထွက်အလှူလောင်းလှူကြရသည့်အတွက် ဤမျှများပြားသော ဆရာတော်သံဃာတော်များအား တစ်စုတစ်စည်းတည်း လောင်းလှူရသည်ကို ကြည်ညိုမဆုံး ခံစားကြရကြောင်း ကြားသိရပါသည်။

ထိုညဦးတွင် မဟာတေဇောဓိပတိ စေတီတော်ကြီးအား လျှပ်စစ်မီးတို့ဖြင့် ထိန်ညီးထွန်းတောက်စွာ ပူဇော်ထားပုံ ညမြင်ကွင်းကို ဖူးမြင်နိုင်ရန် အရာခံဗိုလ်လှသန်းက လာရောက်ပင့်ဆောင်လေ၏။ အရာခံဗိုလ်လှသန်းမှာ ကက(ပ) ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး၏ တာဝန်ပေးချက်အရ နှစ်ပတ်ခန့်ကြိုတင်ကာ ရန်ကုန်မှ မိုင်းပန်သို့ ရောက်လာပြီး စေတီတော်ဂန္ဓကုဋီတိုက် အတွင်းအပြင် လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ရုပ်ပွားတော်များအား လျှပ်စစ်အလင်း ပူဇော်နိုင်ရန်စီမံခြင်းနှင့် ပွဲတော်ရက်အတွင်း ကုန်းတော်တစ်ပြင်လုံး အလင်းအား ဖြန့်ကြက်နိုင်ရန် ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာအလှကို စေတနာဗလနှင့် ခြယ်သနေသူဖြစ်ပါသည်။ သူ၏ အတတ်ပညာအခင်းအကျင်းကြောင့် စေတီတော်ထိန်လင်းနေပုံမှာ အကာလ ညအမှောင်ဝယ် ရွှေတောင်ကို နေရောင်ဟပ်သောအလားဟု တင်စားရလောက်သည့် လက်ရာမြောက် အခြယ်အမွမ်းများ ဖြစ်လျက်ရှိနေပါတော့၏။

စေတီတော်ညမြင်ကွင်းကြောင့် ရင်တွင်းတအိအိ ပီတိတသိမ့်သိမ့် တစိမ့်စိမ့်ပျော်ဝင် ပုံတော်တွင် ဂုဏ်တော်ဟပ် အထုံဓာတ် ဆင့်ဆင့်ကဲလာသည်မှာ အိပ်မက်ထဲအထိ ဘုရားဖူးနေလေတော့၏။ ။

(ဆက်လက်ဖော်ပြပါမည်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၉-၁-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံရုပ်ထုံး |
| ၇:၃၀ | ၅။ မြန်မာ့ဝတ်စုံချိန်နှုန်းဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၂၅ | ၅။ မြန်မာ့ဝတ်စုံချိန်နှုန်းဝင် |
| ၄:၃၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၄၅ | ၇။ မျိုးချစ်တပ်မတော် |
| ၅:၀၀ | ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (မြန်မာစာ) (ခ) ပထမနှစ် (ဒဿနိကဗေဒ) |
| ၅:၃၀ | ၉။ တိုင်းကျိုးပြည်ပြု တို့ရှေးရှု |
| ၅:၄၅ | ၁၀။ သာယာသိကြေး ခေတ်ဆန်းစေ |
| ၆:၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၃။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၄။ မြန်မာ့ရှုခင်း |
| ၆:၄၀ | ၁၅။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: မောင့်ရွှေနဖာစုး မယ့်ရွှေနဖူးစာ (အပိုင်း-၁)** |
| ၈:၀၀ | ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ လျှပ်တစ်ပြက်ရိုက်ချက် |
| | ၂၀။ တိုင်းကျိုးပြည်ပြုတည်ဆောက်မှု |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: လှိုင်းပုန့်သောင်းချမ် (အပိုင်း-၂၅)** |
| | ၂၂။ သင်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ |

# အီရတ်ခုခံတွန်းလှန်သူများက အမေရိကန်ကို ဆက်လက်တိုက်ခိုက် လတ်တလောတိုက်ခိုက်မှုသုံးကြိမ်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးထက်မနည်းသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်သူများသည် အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ ပြင်းထန်စွာ ဆက်လက်တိုက်ခိုက်လျက်ရှိရာ ယမန်နေ့က နေရာခွဲပြီး ဖြစ်ပွားခဲ့သည့် လတ်တလောတိုက်ခိုက်မှုသုံးကြိမ်တွင် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံးခုနစ်ဦး သေဆုံးသွားကြောင်း သိရှိရသည်။

အမေရိကန်တို့အား ပြင်းထန်စွာ ဆန့်ကျင်တိုက်ခိုက်နေသည့် ဆွန်နီတြိဂံဒေသအတွင်းတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ သေဆုံးဒဏ်ရာရရှိမှု များပြားလာသကဲ့သို့ ယမန်နေ့မနက်စောစောပိုင်းကလည်း ၎င်းဒေသအတွင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်အမှတ်(၈၂) လေတပ်စခန်းမှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း သိရှိရသည်။

သို့ရာတွင် အမေရိကန် စစ်ဘက်စစ်ဆေးရေးစခန်းအနီးတွင် အလားတူတိုက်ခိုက်မှုကြောင့် နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း သိရှိရသည်။ ယင်းနောက် ဘဂ္ဂဒက်မြို့အနောက်ဘက် မိုင်(၇၀)ဝေးသည့်ဒေသတွင် ဗုံးတင်ဆောင်လာသည့် ကားတစ်စီးက အမေရိကန် တပ်ဖွဲ့ဝင်များရှိသည့် စခန်းအနီးသို့ မောင်းနှင်လာပြီး ဗုံးဖောက်ခွဲလိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ခြောက်ဦးနှင့် အီရတ်အရပ်သားအချို့ ဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ဆာမာရာမြို့တွင်ရှိ အစိုးရရုံးအဆောက်အအုံအနီးတွင်လည်း လမ်းဘေးဗုံးပေါက်ကွဲမှုဒဏ်ကို အီရတ်အရပ်သားများ ပိုမိုခံစားခဲ့ရကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး အနည်းငယ်စီ ဒဏ်ရာရရှိသွားခဲ့ပြီး အီရတ်အရပ်သား လေးဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။ ယင်းအတောအတွင်း နိုင်ငံမြောက်ပိုင်းတွင် အမေရိကန်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သောကြောင့် အမေရိကန်ရဟတ်ယာဉ်မှူးနှစ်ဦး သေဆုံးသွားကြောင်း သိရှိရသည်။

### လေ့လာသုံးသပ်

ယင်းအချိန်အတွင်းတွင် ကုလသမဂ္ဂမှ လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူနှစ်ဦးသည်လည်း အီရတ်နိုင်ငံတွင် ရောက်ရှိနေသည်။ ကုလသမဂ္ဂဝန်ထမ်းများအား အီရတ်နိုင်ငံသို့ ပြန်လည်စေလွှတ်ရေးအတွက် လုံခြုံရေးအခြေအနေတိုးတက်မှုရှိ၊ မရှိဆိုသည်ကို ၎င်းတို့က လေ့လာသုံးသပ်နေချိန်တွင် ယခုကဲ့သို့ တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားနေသည့်အတွက် အီရတ်တွင် ယခုတိုင် အန္တရာယ်များလွန်းနေသေးသည်ဆိုသည်ကို လက်မခံချင်၍ မဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

***စီအင်န်အင်န်။***



### အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

**ဇန်နဝါရီ၂၄ ရက်တွင် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် အီရတ် နိုင်ငံသားများ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များ အင်ဒီယာနားပြည်နယ်သား ၂၀ဦးပါဝင်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အနီး တိုက်ခိုက်ရေး တာဝန်မှပြန်အလာတွင် ပျက်ကျသွားသော အိုအိတ်ချ်-၅၈ ကီအိုဝါစစ်ဘက်ရဟတ်ယာဉ်မှ သောကြာနေ့က သေဆုံးသော ရဟတ်ယာဉ်မှူး ဘရိုင်ယင် မောဇယ်ဂရို့ (၂၉)နှစ်သည် အီဒင်ကာအထက်တန်းကျောင်းမှ အောင်မြင်သွားသူဖြစ်သည်။

### သေဆုံးရ

သူသည်အီရတ်လွတ်လပ်ရေးစစ်ဆင်ရေးတွင် သေဆုံးရသည့် ၂၀ ဦးမြောက် အင်ဒီယာနားပြည်နယ်သား အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။ အီဒင်ကာအထက်တန်းကျောင်းတွင် အပြီးတိုင်ပညာသင်ပြီးနောက် ၁၉၉၄ ခုနှစ်တွင် တပ်ထဲသို့ ဝင်ခဲ့သည်။

### ထောက်လှမ်းရေးလုပ်ငန်း

သူသည် နိုဝင်ဘာလကတည်းက အီရတ်နိုင်ငံသို့ ရောက်နေပြီး၊ ရဟတ်ယာဉ်၏ ယာဉ်မှူးမဖြစ်မီ သူသည် ထောက်လှမ်းရေးလုပ်ငန်းများကို ထမ်းဆောင်ခဲ့သည်။ တောင်ကိုရီးယားသို့ တာဝန်ဖြင့် နှစ်ကြိမ်သွားရောက်ခဲ့သည်။

သေဆုံးသူလေယာဉ်မှူး ဘရိုင်ယင်မောဇယ်ဂရို့တွင် ဇနီးနှင့်တကွ ခုနစ်လသားအပါအဝင် ကလေးလေးယောက် ကျန်ရစ်ခဲ့သည်။ ***အင်တာနက်။***

***ဇန်နဝါရီ၂၇ ရက်က အီရတ်နိုင်ငံအလယ်ပိုင်း ခါဒီယာမြို့တွင် စစ်ယာဉ်တန်းအား တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက လမ်းကို ပိတ်ဆို့ထားစဉ်။***

*(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်တို့၏မှားယွင်းမှုကြောင့် အီရတ်များလျော်ကြေးတောင်း

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အမေရိကန်တို့၏ မှားယွင်းပစ်ခတ်မှုများအတွက် သေကျေဒဏ်ရာရရသူ အီရတ်လူမျိုးများ၏ ဆွေမျိုးသားချင်းများက အမေရိကန်တို့အား လျော်ကြေးတောင်းမှုများ ပြုလုပ်နေသော်လည်း အများစုသည် လျော်ကြေးမရရှိဘဲ ပယ်ချခြင်းခံရကြောင်း သိရသည်။

အဆိုပါ လျော်ကြေးတောင်းဆိုမှုများအတွက် ရုံးတစ်ရုံးဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်နေရာ လျော်ကြေးတောင်းဆိုမှုပေါင်း တစ်သောင်းခန့်ရှိပြီး ၇၅ ရာခိုင်နှုန်းကျော်သည် နောက်ထပ် အယူခံခွင့်မရှိဘဲ ပယ်ချခြင်းသာ ခံရလေ့ရှိသည်။

အီရတ်တို့၏ လယ်ယာမြေပေါ်တင့်ကားများဖြင့် ဖြတ်ကျော်မောင်းနှင်သွားခြင်းမှသည် မော်တော်ယာဉ်မတော်တဆဖြစ်မှုများ၊မှားယွင်းပစ်ခတ်၍ သေကျေဒဏ်ရာရမှုများအထိ အမျိုးမျိုးသော ကိစ္စရပ်များကြောင့် လျော်ကြေးလျှောက်ထားသူ ထောင်ပေါင်းများစွာရှိသည်။

ဇွန်လအတွင်းက ဆရာဝန်တစ်ဦးဖြစ်သည့် အန်တိုနိုင်းသည် မှတ်စုကိုလက်မှကိုင်ဆောင်ကာ လမ်းသို့ထွက်သွားစဉ် အမေရိကန်တို့က လက်နက်ကိုင်ဆောင်ထားသည်ဟု ယူဆကာ ပစ်ခတ်ခဲ့သည့်အတွက် သေဆုံးခဲ့ရသည်။ ***စီအက်ဖ်အိုင်။***

**ဇန်နဝါရီ ၂၈ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ဟိုတယ်တစ်ခု၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား ကြည့်ရှုနေသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*




# အဖျက်စွမ်းအား ကြီးမားသည့်လက်နက် အီရတ်နိုင်ငံတွင်မရှိဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ မည်သည့်အခါကမျှ မရှိခဲ့ဟုဆိုသည်မှာ ဖြစ်နိုင်သည်ဟု နောက်ထပ် အမေရိကန်အရာရှိကြီးတစ်ဦးက ပြောကြားလိုက်သည်။ အီရတ်နိုင်ငံတွင် တားမြစ်ထားသည့် အစွမ်းထက်လက်နက်များ ရှိခြင်းကြောင့် စစ်ပွဲတိုက်ခိုက်ရခြင်း ဖြစ်သည်ဆိုသည့်အကြောင်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ဟာ ကုလသမဂ္ဂသို့သွားရောက်ပြီး ပြီးခဲ့သည့် တစ်နှစ်နီးပါးခန့်က ရှင်းလင်းပြောကြားခဲ့သည်။ သို့ရာတွင် အီရတ်နိုင်ငံတွင် ၎င်းအစွမ်းထက် လက်နက်များ အမှန်တကယ်ရှိ၊ မရှိဆိုသည်ကို အများတကာမှ သိချင်နေသည့် မေးခွန်းတစ်ရပ်ဖြစ်သည်ဟု ကောလင်းပါဝဲလ်က အခုအခါ ပြောကြားနေပြန်သည်။

***စီအင်န်အင်န်။***

# အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက် ဘဂ္ဂဒက်မြို့လယ်ဒေသတွင် ပေါက်ကွဲသံများ မြည်ဟိန်း

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

**အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော် မြို့လယ်တွင် တနင်္လာနေ့က ပြင်းထန်သောပေါက်ကွဲသံကြီးများ မြည်ဟိန်းသွားပြီးနောက် အမေရိကန် ဦးဆောင်အပေါင်းပါတပ်များ အခြေစိုက်သည့် မြစိမ်းရောင်ဇုန်နယ်မြေဟု ခေါ်တွင်သည့်ဒေသမှ အချက်ပေးဥဩဆွဲသံများ အဆက်မပြတ် ပေါ်ထွက်ခဲ့ကြောင်းဖြင့် ရိုက်တာသတင်းဌာနမှ မျက်မြင်သက်သေများက ပြောကြားသည်။**

### အကာအကွယ်ပြုထား

**အမေရိကန်တပ်ဖွဲ့ကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုကြောင့် ပေါက်ကွဲသံများကြားရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ အကာအကွယ်ပြုထားကြရန် အစိမ်းရောင်ဇုန်နယ်မြေတွင် အသံချဲ့စက်များဖြင့် သတိပေးမှုများပေါ်ထွက်လာခဲ့သည်။**

**တိုက်ကရစ်အနောက်ဘက် မြစ်ကမ်းနဖူးရှိ အမေရိကန်ဦးဆောင် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ဌာနချုပ်ခြံဝင်းမှာ မကြာခင်လများအတွင်း ရော့ကက်ဒုံးကျည်နှင့် စိန်ပြောင်းများ၏ တိုက်ခိုက်မှုကို မကြာခဏခံခဲ့ရသည်။**

**ယင်းပေါက်ကွဲမှုများနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ရုတ်တရက်ဝေဖန်မှု မပေးသေးပေ။**

### ၂၀ ထက်မနည်း သေဆုံး

**လွန်ခဲ့သည့် ရက်သတ္တပတ်ကျော်က အီရတ်နိုင်ငံ၏ အမေရိကန်အပေါင်းပါတပ်များ၏ ဌာနချုပ်အပြင်ဘက်တွင် အသေခံဗုံးဖောက်ခွဲသူ၏ လက်ချက်ကြောင့် လူ ၂၀ ထက်မနည်း သေဆုံးသွားပြီး ဆက်ဒမ်ဟူစိန် ဖမ်းဆီးမိပြီးသည့်နောက် အသေအပျောက်အများဆုံးဖြစ်ခဲ့သည်။**

**ကုလသမဂ္ဂလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများက အီရတ်ပြည်သူလူထုအား အချုပ်အခြာအာဏာ လွှဲပြောင်းရေးတွင် ကူညီရန်အတွက် ကုလသမဂ္ဂဝန်ထမ်းများအတွက် ဘေးကင်းရန်ကင်းရှိ၊ မရှိကို အကဲဖြတ်လျက်ရှိသည်။**

*အမ်အင်အေ၊ရိုက်တာ။*

# လုံခြုံရေးစိတ်ချရမှု မရှိသေးသဖြင့် ရွေးကောက်ပွဲများ ကျင်းပရန် မဖြစ်နိုင် အီရတ်သို့ ကုလသမဂ္ဂလေ့လာရေးအဖွဲ့ စေလွှတ်ရန် ကိုဖီအာနန် ဆုံးဖြတ်မည်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

**အီရတ်နိုင်ငံအနေဖြင့် တိုက်ရိုက်ရွေးကောက်ပွဲများ စောစီးစွာ ကျင်းပနိုင်လောက်သည်အထိ လုံခြုံမှုမရှိသေးကြောင်းဖြင့် အီရတ်ယာယီ ပြည်ထဲရေးဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။**

ရွေးကောက်ပွဲများ လွတ်လပ်ပြီး တည်ငြိမ်စွာ ကျင်းပနိုင်သည့် အခြေအနေတစ်ရပ်ကို နိုင်ငံရေးအရရော၊ လုံခြုံရေးအရပါ အာမခံချက်မပေးနိုင်မချင်း ရက်ရွှေ့ထားရန် မိမိတို့ တောင်းဆိုကြောင်း နူရီဘက်ဒရန်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

ရှီးယားခေါင်းဆောင် အယာတိုလာ စစ္စတာနီက အီရတ်ပြည်သူလူထုထံ အမေရိကန်က ဇူလိုင်လအတွင်း အာဏာအပ်မည့် အစီအစဉ်အရ စိန်ခေါ်၍ တိုက်ရိုက်ရွေးကောက်ပွဲများ ကျင်းပပေးရန် တောင်းဆိုခဲ့သည့်နောက်ပိုင်း အီရတ်စစ်ပွဲလွန်ခေတ် နိုင်ငံရေးမျက်နှာစာတွင် လှုပ်လှုပ်ရွရွ ဖြစ်လျက်ရှိသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်တွင် ရွေးကောက်ပွဲများ စောစီးစွာ ကျင်းပနိုင်ရေးအတွက် အလားအလာများကို လေ့လာရန် အီရတ်နိုင်ငံသို့ မစ်ရှင်အဖွဲ့တစ်ဖွဲ့ လွှတ်ရေး၊ မလွှတ်ရေးနှင့် ပတ်သက်၍ မကြာမီ ဆုံးဖြတ်ချက် ချမှတ်ပေးရတော့မည်ဖြစ်သည်။

**ပစ်မှတ်ဖြစ်နေ**

အမေရိကန် တပ်ဖွဲ့ဝင်များက သင်တန်းပေးထားသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များမှာ အသေခံ ဗုံးဖောက်ခွဲသူများ၏ ယေဘုယျပစ်မှတ်ဖြစ်နေပြီး ၎င်းတို့၏ လုံခြုံရေးအတွက် ကာကွယ်နေရသူများအနေဖြင့် အများ၏ လုံခြုံရေးကို မည်သို့မည်ပုံ တာဝန်ယူနိုင်မည်နည်းဆိုသည့် မေးခွန်းများလည်း တိုးမြင့်ပေါ်ပေါက်လျက်ရှိသည်။

အီရတ်လူမျိုး ရဲတပ်ဖွဲ့ဝင်မိသားစု ၃၀၀ တို့သည် ခုခံတိုက်ခိုက်မှုများကြောင့် အဖေဆုံးရှုံးခဲ့ရကြောင်း ဘက်ဒရန်က ပြောကြားသည်။

**ပြစ်တင်ပြောကြား**

ဘက်ဒရန်က ဆက်ဒမ်ဟူစိန် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် နယ်စပ်တွင် ကင်းလှည့်မှုများ အားနည်းမှုကို ပြစ်တင်ပြောကြားလိုက်ပြီး အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် အီရတ်တပ်မတော်ကို လုံခြုံရေးပြဿနာကြောင့် ဖျက်သိမ်းခဲ့သည့် ဆုံးဖြတ်ချက်ကို ပြစ်တင်ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

ဇန်နဝါရီ ၂၅ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ အစိမ်းရောင်နယ်မြေမှ ကုလသမဂ္ဂဌာနချုပ်ကို သံဆူးကြိုးဖြင့် ပိတ်ဆို့ထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အီရတ်နိုင်ငံတွင် ပြောက်ကျားများ ပစ်ခတ်တိုက်ခိုက်မှု အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**တီကရစ်(အီရတ်) ဇန်နဝါရီ ၂၆**

အီရတ်နိုင်ငံတွင် ပြောက်ကျားများက ဒုံးပစ်လောင်ချာနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ သံချပ်ကာကားကို ပစ်ခတ်ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တနင်္ဂနွေနေ့က ဒဏ်ရာရရှိကာ သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်း တိုင်ဂရစ်မြို့အနီးတွင် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အမှတ်(၄)ခြေလျင်တပ်မမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗိုလ်မှူးဂျော့စလင်းအေဘာလီက ပြောကြားသည်။

တိုက်ခိုက်သူပြောက်ကျားများက ဒုံးပစ်လောင်ချာဖြင့် အဆိုပါတပ်ဖွဲ့ဝင် လိုက်ပါလာသည့် ဘရက်ဒလေတိုက်ခိုက်ရေးယာဉ်အား ပစ်ခတ်တိုက်ခိုက်ကြရာ ဖော်ပြပါ အမှတ်(၄)ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းဒဏ်ရာ ခွဲစိတ်ကုသပြီးနောက် သေဆုံးသွားခြင်းဖြစ်ကြောင်း ဂျော့စလင်းအေဘာလီက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ပျောက်ဆုံးသည့် အမေရိကန်သုံးဦး မိုဆူးလ်၌ ရှာဖွေ ပြောက်ကျားတို့ တိုက်ခိုက်၍ အီရတ်ရဲခုနစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

**ဘဂ္ဂဒက်မြို့တော် အနောက်ဘက်၌ တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားစဉ် အီရတ်ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးကို သေနတ်သမားက သတ်ပြီးနောက် မြို့တော်ရှိ အမေရိကန်ဦးဆောင်သည့်တပ်များ၏ အပေါင်းပါအာဏာပိုင်အဖွဲ့ ရုံးစိုက်ရာဌာနချုပ်ကို တနင်္လာနေ့ညက ခုခံရေးပြောက်ကျားများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်သည်။**

မကြာမီ ရက်သတ္တအနည်းငယ်အတွင်းက အီရတ်နိုင်ငံတစ်ဝန်း အသေခံ ဗုံးခွဲတိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ထိပ်တန်းအီရတ်အရာရှိတစ်ဦးက အယ်လ်ခိုင်ဒါအဖွဲ့ကို ပြစ်တင်ရှုတ်ချလိုက်သည်။

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် မိုဆူးလ်မြို့တွင် စစ်ဘက်ရေငုပ်သမားများက အိုအိပ်ချ်-၅၈ ဒီ ကီအိုဝါ စစ်ဘက်ရဟတ်ယာဉ်မှ ယာဉ်မှူးနှစ်ဦးအပါအဝင် ပျောက်ဆုံးနေသော အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအား တိုက်ဂရစ်မြစ်အတွင်းသို့ဆင်း၍ ရှာဖွေကြသည်။ အဆိုပါ ရဟတ်ယာဉ်သည် မြစ်တွင်း ကင်းလှည့်ရေယာဉ် တိမ်းမှောက်ပြီးနောက် ကယ်ဆယ်ရေး ပြုလုပ်စဉ် တနင်္ဂနွေနေ့က ပျက်ကျခြင်းဖြစ်သည်။

ဤရဟတ်ယာဉ်မှာ ယခုလအတွင်း ပျက်ကျသော အမေရိကန်တို့၏ ငါးစင်းမြောက် ရဟတ်ယာဉ်ဖြစ်ပြီး သုံးစင်းမှာ ပစ်ချခံရခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့လယ်၌ တနင်္လာနေ့ည ၁၀ နာရီ၃၅ မိနစ်က အချက်ပေးဥဩသံများ ကြားရပြီးနောက် ပြင်းထန်သည့် ပေါက်ကွဲမှုများကြောင့် အကြီးအကျယ် တုန်လှုပ်သွားသည်ဟု သိရသည်။

အီရတ်ရှိ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာနှင့် ထိပ်တန်းတာဝန်ရှိသူများ ရုံးထိုင်ရာ ဌာနချုပ်အနီးသို့ ထိုညက အနည်းဆုံး ဒုံးကျည်တစ်ခု ကျရောက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်သို့ ကုလသမဂ္ဂဝန်ထမ်းများ ပြန်လည်စေလွှတ်ရေးအတွက် လုံခြုံမှုရှိ၊မရှိ လေ့လာသည့် ကုလသမဂ္ဂအဖွဲ့တစ်ဖွဲ့ ဘဂ္ဂဒက်သို့ရောက်ပြီး သုံးရက်အကြာတွင် ယခုကဲ့သို့ တိုက်ခိုက်ခြင်းဖြစ်သည်။

***အင်တာနက်။***

## အီရတ်အကျဉ်းသားများကို ညှဉ်းပန်းသတ်ဖြတ်မှု အမေရိကန်တပ်ဖွဲ့ဝင်များကို စစ်ခုံရုံးတင်မည်

**ကာလီဖိုးနီးယား ဇန်နဝါရီ ၂၇**

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်လေးဦးမှာ အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် တနင်္လာနေ့တွင် စစ်ခုံရုံးသို့ တင်မည်ဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံတောင်ပိုင်း ထိန်းသိမ်းရေးစခန်းတွင် အဆိုပါ ညှဉ်းပန်းနှိပ်စက်မှုများ လွန်ခဲ့သည့်နှစ်က ဖြစ်ပွားခဲ့သည်။ စစ်ခုံရုံးတင်စစ်မည့် လေးဦးအနက် နှစ်ဦးမှာ ဘာ့သ်ပါတီ အရာရှိတစ်ဦး သေဆုံးရာမှ ပေါ်ဆသော လူသတ်မှုစွဲချက်ဖြင့် ရင်ဆိုင်ရမည်ဖြစ်သည်။

တပ်ကြပ် ဟာနန်ဒက်နှင့် ထိန်းသိမ်းရေးစခန်းတပ်မှူး ဗိုလ်မှူးကလပ်ပေါလပ်တို့အား ရက်စက်မှု၊ လက်ရောက်ကျူးလွန်မှုနှင့် တာဝန်ဝတ္တရားကို တမင်ပျက်ကွက်မှုတို့ဖြင့် စွဲချက်တင်မည်ဖြစ်သည်။ အသက် (၅၂)နှစ်ရှိ ဘာ့သ်ပါတီ အရာရှိ နာဂင်ဆာဒွန်ဟာတက်မှာ ပိုက်ဟော့ထိန်းသိမ်းရေးစခန်း၌ ဇွန်လက သေဆုံးသွားခဲ့မှုဖြစ်သည်။

တပ်ကြပ်ဟာနန်ဒက်၊ ဗိုလ်မှူးကလပ်ပေါလပ်နှင့် နှစ်ဦးတို့အား အစိုးရရှေ့နေများက ကာလီဖိုးနီးယားတရားရုံးတွင် အမှုနှင့် ပတ်သက်သော သက်သေခံအထောက်အထားများကို စတင် တင်ပြကြတော့မည်ဟု မျှော်လင့်ရသည်။

အီရတ်ထိန်းသိမ်းရေးစခန်းများနှင့် အကျဉ်းသားများအား ညှဉ်းပန်းမှုများကို အမေရိကန်စစ်ဘက်က စတင်စုံစမ်းပြီးနောက် ရက်ပိုင်းအတွင်း၌ ယင်းသို့ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ***အင်တာနက်။***

## အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကို သတ်သေမှု ပိုမိုများပြားလာ

**လန်ဒန် ဇန်နဝါရီ ၂၇**

အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များအနက် သာမန်ထက် ပိုမိုသောနှုန်းဖြင့် တပ်သား ၁၀၀၀၀၀ လျှင် ၁၄ ယောက်ခန့် ကိုယ့်ကိုယ်ကို သတ်သေနေသည့် တစ်ချိန်တည်းတွင် အမေရိကန် တပ်ဖွဲ့ဝင် ငါးဦးလျှင် တစ်ဦးမှာ အနာဂတ်၌ ရေရှည် စိတ်သောက ဖိစီးမှုဒဏ် ခံစားရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက် စိတ်ရောဂါအထူးကု ဆရာဝန်များက ဝေဖန်ပြောဆိုသည်။

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကို သတ်သေသည့် သတင်းများကို အမေရိကန် ကာကွယ်ရေးဌာနက အမှောင်ချထားသည့်အတွက် အဆိုပါနှုန်းမှာ အတိအကျ ရရှိရန် မဖြစ်နိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်ထုတ် ဂါဒီယန်သတင်းစာတွင် ဖော်ပြလိုက်သည်။

ရရှိသောစာရင်းဇယားအရ အီရတ်၌ ကိုယ့်ကိုယ်ကို သတ်သေသွားသော အမေရိကန်တပ်ဖွဲ့ဝင် ၂၂ ဦး အနည်းဆုံးရှိသည်။ ယင်းမှာ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ၇ ရာခိုင်နှုန်းခန့် ဖြစ်သည်ဟု ဂါဒီယန်သတင်းစာက ဖော်ပြသည်။

ကိုယ့်ကိုယ်ကို သတ်သေသွားသူ အမေရိကန်တပ်သား ဂျိုးဇက်ဆွဲက လွန်ခဲ့သည့် ဇွန်လတွင် အကိုက်အခဲပျောက်ဆေး အလွန်အကျွံသောက်ပြီး သတ်မသေမီ ၎င်း၏ မိခင်ထံ စာတစ်စောင် ရေးခဲ့သည်။

တောင်ကိုရီးယား၊ ကူဝိတ်နှင့် နောက်ဆုံး အီရတ်၌ တစ်နှစ်ခန့်ကြာ တာဝန် ထမ်းဆောင်နေရစဉ်အတွင်း သူသည် ဇနီးနှင့် သမီးများကို လွမ်းဆွတ်ကြောင်း ၎င်း၏စာထဲတွင် ရေးသားဖော်ပြထားသည်။

လွန်ခဲ့သည့်လက စိတ်ဝေဒနာကြောင့် အီရတ်မှ အမေရိကန် အမျိုးသားတပ်ဖွဲ့ဝင် ၆၀၀ ကျော်ကို ပြန်ခေါ်ခဲ့ရကြောင်း သတင်းများက အတည်ပြုသည်စသည်ဖြင့် ဖော်ပြထားသည်။ ***အင်တာနက်။***

**လုံခြုံရေး စောင့်ကြပ်**

**ဇန်နဝါရီ၂၈ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုတယ်တစ်ခုတွင် ဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

## ကလပ်စတာဗုံးများကြောင့် အီရတ်လူမျိုးများ ထိခိုက်သေကျေပြီး အဆောက်အအုံများပျက်စီးခဲ့ရ

၂၀၀၃ခုနှစ် မတ်လ ၂၀ရက်တွင် စတင်ခဲ့သော အီရတ်စစ်ပွဲကာလအတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့က ကြဲချခဲ့သော ကလပ်စတာဗုံး(ခေါ်) ဗုံးပဒေသာအလုံးပေါင်း ၁၃၀၀၀ ကြောင့် အရပ်သူ၊ အရပ်သား ၁၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟု လေ့လာချက်စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဗုံးငယ်လေးများစွာ ပါဝင်သော ကလပ်စတာဗုံးသည် ဗုံးမိုးရွာသွန်းသည့်သဖွယ် ပစ်မှတ်အများအပြားကို ထိမှန်စေနိုင်ပြီး ဗုံးငယ်အချို့သည် လတ်တလော မပေါက်ကွဲသော်လည်း နောက်ပိုင်းတွင် ပေါက်ကွဲနိုင်သည်။

အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့တို့က အသုံးပြုခဲ့သော ကလပ်စတာဗုံးများကို ပြန်လည်ဖယ်ရှားပေးရန်လိုအပ်ပြီး သမားရိုးကျလက်နက်များဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအောက်၌ နိုင်ငံတကာသဘောတူညီချက်တစ်ရပ် ပေါ်ထွန်းလာရန် လုပ်ဆောင်ရမည်ဖြစ်သည်။ အီရတ်တွင် ကလပ်စတာဗုံးများ ပေါက်ကွဲခဲ့ခြင်းကြောင့် အရပ်သူ၊ အရပ်သားများ သေကျေထိခိုက်ပျက်စီးမှုများ ဆိုးဆိုးရွားရွားဖြစ်ပေါ်ခဲ့သည်။

ဘဂ္ဂဒက်ရှိ အီရတ် အစိုးရရုံး အဆောက်အအုံတစ်လုံးကို လေကြောင်း မှ တိုက် ခိုက် ခဲ့သည်။ အီရတ်တို့က ပေါက်ကွဲမှု မရှိသည့် ဒုံးကျည် တစ်လုံးကို ကိုင်ဆောင် ကာ အ မေ ရိ ကန်နှင့် ဗြိတိသျှ တပ်ဖွဲ့ တို့ကို ပြသခဲ့သည်။ (ဓာတ်ပုံ-ဆင်ဟွာ)

အီရတ်စစ်ပွဲကာလအတွင်း အမေရိကန် တပ်ဖွဲ့များ၏ အရမ်းကာရော ပစ်ခတ် တိုက်ခိုက်မှုကြောင့် ပြိုကျ ပျက်စီးခဲ့ရသော နေအိမ် အချို့ကို ရှင်းလင်းနိုင်ရန် ဆောင်ရွက်နေစဉ်။ (အီရတ်စစ်ပွဲ၏ တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပြီဟု အမေရိကန်သမ္မတက ထုတ်ပြန်ကြေညာခဲ့သော်လည်း အီရတ်နိုင်ငံတွင် မပေါက်ကွဲသေးသော ကလပ်စတာဗုံးများ ပျံ့နှံ့စွာ ရှိနေဆဲဖြစ်သည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲ အတွင်းက ဘဂ္ဂဒက် မြို့လယ်ရှိအစိုးရရုံး အဆောက်အအုံ တစ်လုံး၏ လိပ်ခုံးကို ကလပ်စတာဗုံးဖြင့် ကြဲချခဲ့ မှု ကြောင့် ထိခိုက် ပျက်စီးမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

### ကလပ်စတာ ဗုံးကြောင့် အီရတ်တို့ သေကျေရသမျှ

| ရက်စွဲ | နေရာ | သေဆုံးသူဦးရေ |
|---|---|---|
| ၂၃-၃-၂၀၀၃ | နာဆီရီယာ | ၁၀ |
| ၂၈-၃-၂၀၀၃ | နာဂျက်ဖ် | ၂၆ |
| ၆-၄-၂၀၀၃ | ကာဘာလာ | ၃၅ |
| ၇-၄-၂၀၀၃ | ဘဂ္ဂဒက် | ၄ |
| ၉-၄-၂၀၀၃ | ဘဂ္ဂဒက် | ၂၆ |
| ၁၀-၄-၂၀၀၃ | ဒစ်ဘ်ခရိုင်နှင့်ကာလာ | ၂၉ |
| ၁၀-၄-၂၀၀၃ | နာဆီရီယာ | ၃ |
| ၁၁-၄-၂၀၀၃ | ဘဂ္ဂဒက် | ၂ |
| ၁၂-၄-၂၀၀၃ | ဘဂ္ဂဒက် | ၃ |
| ၁၈-၄-၂၀၀၃ | ဘဂ္ဂဒက် | ၁ |
| ၁၉-၄-၂၀၀၃ | ဘဂ္ဂဒက် | ၃ |
| ၂၀-၄-၂၀၀၃ (အထိ) | ကယ်ကွတ် | ၈၃ |
| ၂၁-၄-၂၀၀၃ | ကယ်ကွတ် | ၅၂ |
| ၂၆-၄-၂၀၀၃ | ဘဂ္ဂဒက် | ၂ |
| | စုစုပေါင်း | ၂၇၉ |

အီရတ်စစ်ပွဲ ၁၃ ရက်နေ့မြောက်တွင် ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံး၌ ဗုံးဒဏ်ကြောင့် မီးခိုးလုံးများ ပေါ်ထွက်နေစဉ် (အောက်ဝဲပုံ)နှင့် အီရတ်တောင်ပိုင်း ဘာဆရာမြို့တွင် ဗြိတိသျှ ကျူးကျော်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ရှောင်တိမ်း ထွက်ပြေးလာကြသည့် အီရတ်စစ်ပြေးဒုက္ခသည်မိသားစုတစ်စု။ (အောက်ပုံ)

ဘဂ္ဂဒက်မြို့ကို အမေရိကန် ကျူးကျော်ရေးတပ်ဖွဲ့များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံ ရှေ့တွင် ပူဆွေး ငိုကြွေးနေသော အီရတ်အမျိုးသမီး တစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများ

| ဖွံ့ဖြိုးမှုကဏ္ဍ | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| **စိုက်ပျိုးရေးကဏ္ဍ** | | |
| ဆည်တမံ | – | ၂ ခု |
| ကုန်းမြင့်လယ်ယာမြေစီမံကိန်း | – | ၄၃၈၈ ဧက |
| ဘိန်းအစားထိုးသီးနှံ | – | ၆၆၄၆၁ ဧက |
| **လျှပ်စစ်ဓာတ်အားကဏ္ဍ** | | |
| ရေအားလျှပ်စစ် | ၂ ရုံ | ၁၃ ရုံ |
| ဒီဇယ် | ၁၃ ရုံ | ၃၄ ရုံ |
| ရွှေလီရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ) | | ၁ ခု |
| **ဆက်သွယ်ရေးကဏ္ဍ** | | |
| စာတိုက် | ၃၇ ခု | ၅၅ ခု |
| ကြေးနန်းရုံး | ၁၃ ခု | ၃၂ ခု |
| အော်တိုအိတ်ချိန်း | ၁ ခု | ၇ ခု |
| လက်လှည့်အိတ်ချိန်း | ၈ ခု | ၃၃ ခု |
| ဂြိုဟ်တုစခန်း | – | ၃ ခု |
| မိုက္ကရိုဝေ့ဗ်စခန်း | – | ၁၅ ခု |
| **ပြန်ကြားရေးကဏ္ဍ** | | |
| ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ | – | ၂၈ ရုံ |
| **ပညာရေးကဏ္ဍ** | | |
| အထက်တန်းကျောင်း | ၂၃ | ၆၃ ကျောင်း |
| အလယ်တန်းကျောင်း | ၇၇ | ၁၁၉ ကျောင်း |
| မူလတန်းကျောင်း | ၁၁၆၇ | ၁၅၃၅ ကျောင်း |
| မာလ်တီမီဒီယာစာသင်ခန်းဖွင့်ပြီးကျောင်း | – | ၂၁ ကျောင်း |
| ကောလိပ် | ၁ | ၃ ခု |
| **ကျန်းမာရေးကဏ္ဍ** | | |
| ဆေးရုံ | – | ၅၃ ခု |
| ဒေသန္တရကျန်းမာရေးဌာန | – | ၁ ခု |
| ကျေးလက်ကျန်းမာရေးဌာန | – | ၅၂ ခု |
| တိုင်းရင်းဆေးခန်း | – | ၉ ခု |

ငြိမ်းချမ်းခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်း၏ အသီးအပွင့်များကို ခံစားရရှိနေပြီဖြစ်သော နယ်စပ်မြို့ လောက်ကိုင်၏ မြို့ပြပုံရိပ်ကို ဤသို့တွေ့ရသည်။

## ပြည်ထောင်စုနေ့ အကြို ဂုဏ်ပြုဓာတ်ပုံမှတ်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ယာပုံမှာ လားရှိုး–မူဆယ် ပြည်ထောင်စုလမ်းမကြီးကို တွေ့မြင်ရစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုလျက်ရှိသော လားရှိုး ဒီဂရီကောလိပ်၏ မြင်ကွင်းကို တွေ့ရစဉ်။

| ဖွံ့ဖြိုးမှုကဏ္ဍ | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| **လမ်းသစ်ဖောက်လုပ်မှု** | | |
| သီပေါ–မန်လီ–တုံလော့–ပန်ကေတုအပိုင်း | – | ၇၈ မိုင် ၆ဖာလုံ |
| မိုင်းရှူး–တန့်ယန်းအပိုင်း | – | ၅၅ မိုင် |
| နမ့်လောင်း–မိုင်းရယ်–လားရှိုးအပိုင်း | – | ၇၉ မိုင် |
| ပန်ကေတု–ကျေးသီး–မိုင်းနောင်အပိုင်း | – | ၅၂ မိုင် |
| တန့်ယန်း–ဆောင်ကြဲ–သီပေါအပိုင်း | – | ၁၀၁ မိုင် |
| **တံတား** | | |
| ပေ ၁၈၀အထက်တံတား | ၁၂စင်း | ၁၉ စင်း |
| ပေ ၁၈၀အောက်တံတား | ၂၄စင်း | ၃၇၇ စင်း |

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ၏ နမ့်မျှော် ရေအားလျှပ်စစ် စက်ရုံကို တွေ့ရစဉ်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# နယ်ချဲ့ပရိယာယ်ကို အစဉ်သတိရှိကြ

ကြယ်ဖြူ

မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်တွင် နယ်ချဲ့ဗြိတိသျှတို့သည် ပထမကျူးကျော်စစ်(၁၈၂၄ ခုနှစ်)၊ ဒုတိယကျူးကျော်စစ် (၁၈၅၂ ခုနှစ်)၊ တတိယကျူးကျော်စစ် (၁၈၈၅ ခုနှစ်)တို့ဖြင့် မြန်မာနိုင်ငံအား နယ်ချဲ့သိမ်းပိုက်နိုင်ရေးအတွက် ကုန်သွယ်ရေး၊ ဘာသာရေးနှင့် စစ်ရေးကဏ္ဍအသီးသီး၌ ပရိယာယ်အသွယ်သွယ် ကျင့်သုံးခဲ့ကြသည်။

မြန်မာနိုင်ငံသို့ ၁၆ ရာစုခေတ်မှစ၍ ပေါ်တူဂီ၊ ပြင်သစ်နှင့် ဗြိတိသျှတို့ အလျှိုလျှို ဝင်ရောက်ကွန်းခိုခဲ့ကြသည်။ ကုန်သွယ်မှုပြုရန်အတွက် ပုသိမ်၊ သန်လျင်၊ မုတ္တမ၊ မြိတ်စသော ဆိပ်ကမ်းမြို့များတွင် ယင်းတို့၏ သင်္ဘောများကို ဆိုက်ကပ်ခွင့်ပြုခဲ့ရာမှ အနောက်တိုင်းသားများနှင့် မြန်မာတို့ စတင်ဆက်ဆံခဲ့ကြရသည်။ ၁၇၅၂ ခုနှစ်တွင် ပြင်သစ်တို့က မြန်မာပြည်တွင်းရေးတွင် စတင်ဝင်ရောက် စွက်ဖက်လာခဲ့ကြသည်။ ပြင်သစ်တို့သည်ငင်းတို့နှင့် အင်္ဂလိပ်တို့ စစ်ဖြစ်နေသောကာလတွင် မြန်မာတိုင်းရင်းသားအချို့အား လက်နက်ခဲယမ်း အကူအညီပေးနိုင်ခဲ့လျှင် မြန်မာနိုင်ငံကို ခြယ်လှယ်နိုင်လိမ့်မည်ဖြစ်ပြီး ယင်းတို့အတွက် အင်အားတောင့်တင်းမည်ဟူသော တွက်ကိန်းဖြင့် လက်နက်ခဲယမ်း အနည်းငယ်ကို တိုင်းရင်းသားအချို့ထံ ပေးပို့ကူညီခဲ့သည်။ ပြင်သစ်သင်္ဘောများသည် မုတ္တမနှင့်ပုသိမ် ဆိပ်ကမ်းသို့ ဆိုက်ကပ်လာနိုင်ခဲ့ကြသည်။

ထိုစဉ်မှာပင် ဗြိတိသျှတို့၏ အရှေ့အိန္ဒိယကုမ္ပဏီကလည်း မြန်မာနိုင်ငံ အောက်ပိုင်းကို ကျူးကျော်ဝင်ရောက်နိုင်ရေးအတွက် ပုသိမ်အနီးရှိ ဟိုင်းကြီးကျွန်း၌ အခြေစိုက်စခန်းတစ်ခု ဖွင့်လှစ်နိုင်ရန် ကုမ္ပဏီကိုယ်စားလှယ်စေလွှတ်ပြီး တိုင်းရင်းသားအချို့ကိုသွေးထိုးကာ ပုသိမ်သို့ သင်္ဘောများကို စေလွှတ်ခဲ့ကြသည်။ သို့သော်လည်း အလောင်းဘုရားလက်ထက် (၁၇၅၂-၆၀)တွင် မြန်မာတစ်နိုင်ငံလုံးကို စုစည်းထူထောင်လိုက်နိုင်၍ ပြင်သစ်နှင့် အင်္ဂလိပ်တို့ တအံ့တသြဖြစ်ခဲ့ကြသည်။

**မြန်မာနိုင်ငံအား နယ်ချဲ့ဗြိတိသျှတို့ ကျူးကျော်သိမ်းပိုက်နိုင်ရန် အတွက် တိုင်းရင်း သား အချင်းချင်း သံသယဝင်အောင် သွေးခွဲသပ်လျှိုခြင်း၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် ဖြိုခွဲခြင်း စသည့်နယ်ချဲ့ပရိယာယ် အသွယ်သွယ်ကို ကျင့်သုံးခဲ့သည်။ စစ်ပွဲသုံးကြိမ် ဆင်နွှဲပြီး မြန်မာနိုင်ငံအား တစ်စစီဖဲ့ယူခဲ့သည်။ အမျိုးသားရေးထက် ကိုယ်ကျိုးစီးပွားရှာသူများကို မက်လုံးပေးပြီး သိမ်းသွင်းခဲ့သည်။ ယင်းအချက်များသည် မြန်မာ့နိုင်ငံရေး သမိုင်းတွင် အစဉ်အလေးထား သတိပြုရမည့် သင်ခန်းစာများပင်ဖြစ်သည်။**

ပြင်သစ်နှင့်အင်္ဂလိပ်တို့သည် မြန်မာတိုင်းရင်းသား အချင်းချင်း သံသယကြီးမားလာစေရန် ဝင်ရောက်စွက်ဖက်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခဲ့ကြသည်။ ယင်းတို့သည် တိုင်းရင်းသားများအားကူညီစောင့်ရှောက်ရေးအတွက်မဟုတ်ဘဲ နယ်ပယ်ချဲ့ထွင်ရေးနှင့် စည်းလုံးညီညွတ်မှုပြိုကွဲအောင် ဖြိုခွဲပြီး လွယ်လင့်တကူ ကျူးကျော်သိမ်းပိုက်နိုင်ရေးအတွက် နယ်ချဲ့ပရိယာယ်ကို သံခင်းတမန်ခင်းအရ ကျင့်သုံးခဲ့ခြင်းပင်ဖြစ်သည်။ ဤသည်မှာ ကုန်းဘောင်ခေတ်ဦးကာလ၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲအောင် သပ်လျှိုသွေးထိုးခဲ့သော နယ်ချဲ့သမား၏ ပရိယာယ်ဖြစ်သည်။

ရိုးသားဖြူစင်သော မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့ပရိယာယ် အသွယ်သွယ်ကို သဘောမပေါက်ခဲ့သည်မှာ အမှန်ဖြစ်သည်။ မြန်မာတို့၏ နိုင်ငံတကာဆက်ဆံရေး အားနည်းချက်ကို စောင့်ကြည့်နေသော နယ်ချဲ့ဗြိတိသျှတို့သည် အာသံမဏိပူရ အရေးအခင်းကို အသုံးချကာ ၁၈၂၄ ခုနှစ်

**ကုန်းဘောင်မင်းများလက်ထက်တွင် တိုင်းတစ်ပါးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရန် ကြိုးပမ်းခဲ့ရာ ဤပုံမှာ အင်္ဂလိပ်-မြန်မာ ဆက်ဆံရေး ပြေပြစ်မှုအတွက် နောက်ဆုံးကြိုးပမ်းခဲ့သော မြန်မာ သံအဖွဲ့ဝင်များ ဖြစ်၏။**

ဇန်နဝါရီလ ၁၈ ရက်နေ့တွင် မြန်မာနှင့် ဗြိတိသျှတို့ စစ်ဖြစ်ပြီဟု ကြေညာကာ မြန်မာနိုင်ငံအား ပထမကျူးကျော်စစ် စတင်ဆင်နွှဲခဲ့သည်။

ယင်းကျူးကျော်စစ်တွင် မြန်မာတို့က အာသံနှင့် ရခိုင်စစ်ကြောင်း နှစ်ကြောင်းဖြင့် ချီတက်တိုက်ခိုက်ရန် စီမံခဲ့သည်။ နယ်ချဲ့ဗြိတိသျှတို့က ဗြိတိသျှတပ်တစ်တပ်ကို အလျင်အမြန် ရိက္ခာ၊ လက်နက်ခဲယမ်းများ ဖြည့်တင်း၍ ၁၈၂၄ ခုနှစ် မေလတွင် ရန်ကုန်သို့ သင်္ဘောများဖြင့် လက်ဦးမှုယူကာ စေလွှတ်ခဲ့သည်။ နယ်ချဲ့စစ်သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာချိန်တွင် မြန်မာတပ်များက အပြင်းအထန်တွန်းလှန်တိုက်ခိုက်ခဲ့သော်လည်း အင်အားချင်း မမျှသဖြင့် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရန္တပိုစာချုပ် ချုပ်ဆိုပြီး စစ်ပြေငြိမ်းခဲ့ရသည်။

နယ်ချဲ့ဗြိတိသျှတို့၏ ပထမကျူးကျော်စစ် (၁၈၂၄-၁၈၂၆)အပြီး၌ ရန္တပိုစာချုပ်ကို ချုပ်ဆိုရာတွင် ကျူးကျော်သူ နယ်ချဲ့ဗြိတိသျှတို့၏ နိုင်ထက် စီးနင်းပြုကျင့်မှုများကိုကြုံရသည်။ စာချုပ်ပါ အချက်အလက်များအရ မြန်မာတို့ကအာသံနှင့် မဏိပူရကိုသာမက မြန်မာကမ်းရိုးတန်းဒေသများဖြစ်သော ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများကို ဗြိတိသျှနယ်ချဲ့၏ လက်အောက်သို့ ဝကွက်အပ်နှံခဲ့ရသည့်အပြင် အင်္ဂလိပ်ငွေပေါင်တစ်သန်းနှင့်ညီမျှသည့် စစ်လျော်ကြေးငွေ တစ်ကုဋေကိုလည်း ပေးခဲ့ရသည်။

နယ်ချဲ့ဗြိတိသျှတို့သည် ထိုမျှဖြင့် တင်းတိမ်အားရခြင်းမရှိတော့ဘဲ ဒုတိယကျူးကျော်စစ်ကို ဆင်နွှဲရန်ပြင်ဆင်လာခဲ့ကြသည်။ ထိုစဉ်ကာလမှာပင် သာယာဝတီမင်းသည် ဗြိတိသျှတို့၏ ပထမကျူးကျော်စစ်တွင် မြန်မာတို့ အရေးနိမ့်ခဲ့ရခြင်းသည် စစ်လက်နက်အင်အားချင်း ကွာဟမှုကြောင့် ဖြစ်ကြောင်း လေ့လာသုံးသပ်ပြီး ပိုမိုခေတ်မီသော စစ်လက်နက်ပစ္စည်းများတပ်ဆင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ယင်းသို့ သာယာဝတီမင်းက နိုင်ငံတော်ကာကွယ်ရေးအတွက် ကြိုးပမ်းနေသည်ကို ဗြိတိသျှသံဖြစ်သူ ဘာနေက ရန္တပိုစာချုပ်ကို ချိုးဖောက်နေခြင်းဖြစ်၍ ဗြိတိသျှတို့က လက်ဦးမှုယူပြီး မြန်မာနိုင်ငံအား တိုက်ခိုက်သင့်ကြောင်း ဘုရင်ခံချုပ်ထံ အစီရင်ခံခဲ့သည်။ အလားတူပင် သာယာဝတီမင်းကို နယ်ချဲ့ဗြိတိသျှတို့က စစ်ပြုခြင်းသည် “ငင်းတို့ဘာသာကို မြန်မာပြည်၌ ပျံ့နှံ့အောင်ဆောင်ရွက်ရေးအတွက် တစ်ခုတည်းသော နည်းလမ်းမဟုတ်သော်လည်း အကောင်းဆုံး နည်းလမ်းဖြစ်သည်”ဟု အမေရိကန်သာသနာပြု ဒေါက်တာ ယုဒသန်ကလည်း ဗြိတိသျှအစိုးရထံသို့ အကြံပြုခဲ့သည်။

ယင်းအခြေအနေများသည် ဗြိတိသျှအပါအဝင် ကိုလိုနီနယ်ချဲ့များ ၏ ကုန်သွယ်ရေးနှင့် ဘာသာရေးအရ နယ်ချဲ့ကျူးကျော်မှုဖြစ်သည်ကို မည်သို့မျှ ငြင်းကွယ်၍မရနိုင်ပေ။ ထိုစဉ်မှာပင်သာယာဝတီမင်း လွန်ပြီး နောက် သားတော်ပုဂံမင်း (၁၈၄၆-၁၈၅၃) နန်းတက်ခဲ့သည်။ ပုဂံမင်းသည် စစ်ရေးစစ်ရာ ကျွမ်းကျင်သော တပ်မှူးကြီးဖြစ်သည်နှင့်အညီ မြန်မာ့တပ်မတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ရန်လိုအပ်ကြောင်း အမြော်အမြင် ကြီးမားသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရရှိစေရန်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ပုဂံမင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး၊ ကုန်သွယ်ရေးများ ဖွံ့ဖြိုးလာသည်နှင့်အမျှ မြန်မာပိုင်ဆိပ်ကမ်းမြို့ဖြစ်သည့် ရန်ကုန်တွင် ဗြိတိသျှကုန်သည်များ ခြေချင်းလိမ်လာခဲ့ကြသည်။ ဗြိတိသျှကုန်သည် အားလုံးလိုလိုမှာ နေ့ချင်းညချင်း သူကြွယ်ဖြစ်လိုသူများဖြစ်ကြပြီး တစ်ဖက်တွင် ပုဂံမင်းအား လက်နက်ခဲယမ်း မီးကျောက်များကို မတန်တဆဈေးဖြင့် အမြတ်တင်ရောင်းချ၍ တစ်ဖက်တွင် မြန်မာတို့က စစ်ပြင်ဆင်လျက်ရှိသဖြင့် ကြိုတင်လက်ဦးမှုယူသင့်ကြောင်း ဗြိတိသျှအစိုးရထံ လုပ်ကြံထားသော သတင်းမှားများ ပေးပို့ခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ဗြိတိသျှကုန်သည်များ၏ ကုန်ခိုးသွင်းခိုးထုတ်မှု၊ အခွန်အကောက်ရှောင်မှုများကို ရန်ကုန်မြို့ဝန်က စနစ်တကျစည်းကြပ်ခဲ့သည်။ ဤတွင် ဗြိတိသျှကုန်သည်များက ရန်ကုန်မြို့ဝန်သည် စီမံအုပ်ချုပ်မှုကြမ်းတမ်းကြောင်းနှင့် ဗြိတိသျှဆန့်ကျင်ရေးစိတ်ဓာတ်ရှိကြောင်း စွပ်စွဲပြောဆိုခဲ့ကြသည်။ ၁၈၅၁ ခုနှစ် အကုန်တွင် ဗြိတိသျှကုန်သင်္ဘောနှစ်စင်းမှ မာလိန်မှူးများ အကောက်ခွန်မပေးဘဲ ရှောင်တိမ်း

င်းပါး

ကြ

ဖြူ

တစ်ကုဋေကိုလည်း

အားရခြင်းမရှိတော့ဘဲ
ကြသည်။ ထိုစဉ်ကာလ
ထမကျူးကျော်စစ်တွင်
အင်အားချင်း ကွာဟ
ာ်မိသော စစ်လက်နက်
သို့ သာယာဝတီမင်းက
ကို ဗြိတိသျှသံဖြစ်သူ
စ်၍ ဗြိတိသျှတို့က
ကြောင်း ဘုရင်ခံချုပ်ထံ
ဘို နယ်ချဲ့ဗြိတိသျှတို့က
ပျံ့နှံ့အောင်ဆောင်ရွက်
သော်လည်း အကောင်း
သနာပြု ဒေါက်တာ
ရှိခဲ့သည်။

ခဝင် ကိုလိုနီနယ်ချဲ့
ကျူးကျော်မှုဖြစ်သည်
မာပင်သာယာဝတီမင်း
၃) နန်းတက်ခဲ့သည်။
းကြီးဖြစ်သည်နှင့်အညီ
ဆင်ရန်လိုအပ်ကြောင်း
ည်းလုံးညီညွတ်မှုရရှိစေ

နိုင်ငံတကာဆက်ဆံ
မြန်မာပိုင်ဆိပ်ကမ်း
ျား ခြေချင်းလိမ်လာ
ိမှာ နေ့ချင်းညချင်း
ဂံမင်းအား လက်နက်
အမြတ်တင်ရောင်းချ၍
ဖြင့် ကြိုတင်လက်ဦးမှု
သော သတင်းမှားများ

ျား၏ ကုန်ခိုးသွင်း
န်မြို့ဝန်က စနစ်တကျ
က ရန်ကုန်မြို့ဝန်သည်
ဝန့်ကျင်ရေးစိတ်ဓာတ်
အကုန်တွင် ဗြိတိသျှ
န်မပေးဘဲ ရှောင်တိမ်း

နေသဖြင့် ရန်ကုန်မြို့ဝန်က ဖမ်းဆီးချုပ်နှောင်ပြီး ဒဏ်ငွေတစ်ထောင် ဆောင်စေခဲ့သည်။

ယင်းကိစ္စရပ်နှင့် ပတ်သက်ပြီး ဗြိတိသျှနန်းရင်းဝန် လော့ဒါလ်ဟိုဇီက ရန်ကုန်မြို့ဝန်ထံမှ လျော်ကြေးငွေ ထပ်မံတောင်းခံခြင်း၊ ဝန်ချတောင်းပန်ခိုင်းခြင်းတို့နှင့်အတူ စစ်အင်အားပြရန်အတွက် စစ်သင်္ဘောအချို့ကိုပါ ရန်ကုန်သို့စေလွှတ်ပြီးခြိမ်းခြောက်ခဲ့သည်။ တစ်ဆက်တည်းမှာပင်အကြောင်းအမျိုးမျိုးပြကာ ၁၈၅၂ ခုနှစ် ဧပြီလ ၁ ရက်တွင် ဗြိတိသျှတို့က မြန်မာနိုင်ငံအပေါ် ဒုတိယကျူးကျော်စစ်ဆင်နွှဲခဲ့ပြန်သည်။ ဗြိတိသျှရေတပ်က ရန်ကုန်မြို့ကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ မေလကုန်တွင် မြန်မာတို့၏ နောက်ဆုံးဆိပ်ကမ်း မြို့ဖြစ်သော ပုသိမ်ကျခဲ့ပြီး ဇွန်လဆန်းတွင် ပဲခူးမြို့နှင့် ပြည်မြို့ကို မြန်မာတို့က စွန့်လွှတ်ခဲ့ရသည်။ ၁၈၅၂ ခုနှစ် အောက်တိုဘာလတွင် ပြည်မြို့ကိုလည်းကောင်း၊ ဒီဇင်ဘာလတွင် ပဲခူးကိုလည်းကောင်း ဗြိတိသျှပိုင် နယ်မြေများအဖြစ် တစ်ဖက်သတ်ကြေညာခဲ့သည်။ ဗြိတိသျှတို့၏ ဒုတိယကျူးကျော်စစ်သည် စာချုပ်လည်း မချုပ်၊ စစ်ပြေငြိမ်းကြောင်းလည်း မကြေညာခဲ့သဖြင့် "ဤစစ်ပွဲသည် ဂုဏ်ကျက်သရေမဲ့သည့် စစ်ပွဲဖြစ်သည်"ဟု အနောက်နိုင်ငံသတင်းစာများကပင် ဝေဖန်ခဲ့ကြသည်။ ဤသည်မှာ ကုန်သွယ်ရေး အကြောင်းပြချက်ဖြင့် ပရိယာယ်ဆင်ခဲ့သော နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်မှုပြယုဂ်ပင်ဖြစ်သည်။

သဘာဝသယံဇာတများ ပေါကြွယ်လှသော မြန်မာနိုင်ငံ အောက်ပိုင်းဒေသများကို နယ်ချဲ့ဗြိတိသျှတို့ ကျူးကျော်သိမ်းပိုက်ပြီးနောက် မြန်မာနိုင်ငံ အထက်ပိုင်းကိုပါ သိမ်းပိုက်ရရှိရေးအတွက် ထပ်ဆင့်ကြိုးပမ်းလာခဲ့သည်။ အခြားတစ်ဖက်တွင်လည်း ပြင်သစ်တို့က မြန်မာ့နန်းတွင်း၌ မညီမညွတ်ဖြစ်မှုကို အခွင့်ကောင်းယူပြီး ပုဂ္ဂိုလ်အချို့ကို အယုံသွင်းချဉ်းကပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ကုန်းဘောင်ခေတ်နှောင်း ရတနာပုံမန္တလေး၏ နန်းတွင်း အရေးအခင်းသည် ရှုပ်ထွေးလှသည်။ ကနောင်မင်းသားကြီးအား မြင်ကွန်းနှင့် မြင်းခုန်တိုင် မင်းသားနှစ်ပါးက လုပ်ကြံခြင်း၊ ညောင်ရမ်းမင်းသားနှင့် ညောင်အုတ်မင်းသားတို့က ဗြိတိသျှသံရုံးသို့ ဝင်ရောက်ခိုလှုံခြင်း၊ သီပေါ မင်းသား နန်းတက်ရေးအတွက် လုပ်ကြံမှုများဖြစ်ပွားခြင်းတို့သည် နယ်ချဲ့ဗြိတိသျှတို့အတွက် သပ်လျှိုသွေးခွဲရန် အခွင့်ကောင်းများ ဖြစ်လာခဲ့သည်။

အလားတူပင်ပြင်သစ်ကလည်း မြန်မာတို့နှင့်မဟာမိတ်စာချုပ်ချုပ်ဆိုခဲ့သည်မှာ နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံအား မသိမ်းယူမီ ယင်းတို့က ဦးစွာ စည်းရုံးသိမ်းသွင်းနိုင်ရေးအတွက်ပင် ဖြစ်သည်။ လက်တွေ့တွင် ပြင်သစ်တို့သည် မြန်မာနိုင်ငံအား မည်သည့်အကူအညီကိုမျှ မပေးခဲ့ပေ။

**ပြင်သစ်နိုင်ငံရောက် ကုန်းဘောင်ခေတ် မြန်မာသံအဖွဲ့ကို ကြိုဆိုနေစဉ်။**

**အနောက်ဘက်လွှန်မင်း၏ ဦးဆောင်မှုဖြင့် မြန်မာတိုင်းရင်းသား ရဲမက်စစ်သည်များက ပေါ်တူဂီနယ်ချဲ့ ငဇင်ကာ အခြေပြုထားသည့် သန်လျင်မြို့သိမ်းတိုက်ပွဲဆင်နွှဲခဲ့စဉ်။**

လိမ်လည်ခဲ့ကြသည်။ မြန်မာနိုင်ငံကို လွယ်လင့်တကူကျူးကျော် သိမ်းပိုက်နိုင်ရေးအတွက် သိက္ခာမဲ့သော ပရိယာယ်ကို အရှက်မဲ့စွာ ကျင့်သုံးခဲ့ခြင်းပင်သည်။

မည်သို့ဆိုစေမြန်မာနိုင်ငံအားနယ်ချဲ့ဗြိတိသျှတို့ကျူးကျော်ဝင်ရောက်သိမ်းပိုက်နိုင်ရန်အတွက် တိုင်းရင်းသားအချင်းချင်း သံသယဝင်အောင် သွေးခွဲသပ်လျှိုခြင်း၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် ဖြိုခွဲခြင်း စသည့် နယ်ချဲ့ပရိယာယ်အသွယ်သွယ်ကို ကျင့်သုံးခဲ့သည်။ စစ်ပွဲသုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံအား တစ်စစီဖဲ့ယူခဲ့သည်။ အမျိုးသားရေးထက် ကိုယ်ကျိုးစီးပွားရှေ့တန်းတင်သူများကို မက်လုံးပေးပြီး သိမ်းသွင်းခဲ့သည်။ ယင်းအချက်များသည် မြန်မာနိုင်ငံရေးသမိုင်းတွင် အစဉ်အလေးထား သတိပြုရမည့် သင်ခန်းစာများပင်ဖြစ်သည်။

ဤသို့အားဖြင့် နယ်ချဲ့ဗြိတိသျှတို့သည်လည်းကောင်း၊ နယ်ချဲ့ပြင်သစ်တို့သည်လည်းကောင်း ယင်းတို့၏ အကျိုးစီးပွားအတွက် နယ်ချဲ့ပရိယာယ်များဖြစ်သည့် ကုန်သွယ်ရေး၊ ဘာသာရေး၊ သံတမန်ရေး၊ စစ်ရေးအခင်းအကျင်းများကို ကျင့်သုံးခဲ့ကြသည်။ နယ်ချဲ့ဗြိတိသျှတို့ မြန်မာနိုင်ငံအား တတိယကျူးကျော်စစ်ပွဲ ဆင်နွှဲခဲ့ရာတွင် မြန်မာမျိုးချစ်ပုဂ္ဂိုလ်များ၏ ခုခံမှုအင်အားလျော့နည်းသွားစေရန်အတွက် မဟုတ်မမှန်လုပ်ကြံမှုပြုခဲ့ကြပြန်သည်။ ညောင်ရမ်းမင်းသား ကွယ်လွန်ပြီးဖြစ်သည်ကို မြန်မာနိုင်ငံကိုအသိမပေးဘဲ အခြားသူတစ်ဦးကို ၎င်းတို့၏ စစ်သင်္ဘောဦးပိုင်းတွင် ရုပ်ပြအဖြစ် ဟန်ဆောင်ထားရှိပြီး ကောက်ကျစ်စဉ်းလဲစွာ

မျက်မှောက်ခေတ်မြန်မာနိုင်ငံ၏ သမိုင်းတွင်လည်း ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒီများက တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးများကို အကြောင်းပြ၍ သွေးထိုးလှုံ့ဆော် သပ်လျှိုနေခြင်းသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံအား ၎င်းတို့၏ ဩဇာခံနိုင်ငံ၊ အခြွေအရံနိုင်ငံ အဖြစ်သို့ သိမ်းသွင်းနေခြင်းမှတစ်ပါး အခြားမရှိသဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ဘယ်သူခွဲခွဲ တို့မကွဲ ဟူသော ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် **နယ်ချဲ့ပရိယာယ်ကို အစဉ်သတိရှိကြပါစို့**ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



**၁၈၈၂ခုနှစ်က ဆင်းမလားသို့ သွားရောက်ခဲ့သည့် မြန်မာသံအဖွဲ့ဝင်များ (ဝဲမှယာ) ၁။ ဦးမြ ၂။ တောင်တစ်ရွာငါးဆယ်ဗိုလ် ၃။ ဝက်မစွတ်မြို့စားဝန်ထောက် ၄။ သံအဖွဲ့ခေါင်းဆောင် ကျောက်မြောင်းမြို့စား အတွင်းဝန် ၅။ ဗြိတိသျှအရေးပိုင် Mr. R.H. Pilcher ၆။ သံချက်ဝန်ထောက် ၇။ ဦးပေါ်ထွန်း။**

## အမှာစကားပြောကြား

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် ပဉ္စမအကြိမ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း (FDI) နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# သားငါးဖွံ့ဖြိုး ပြည့်အကျိုး

# သွားနှင့်ခံတွင်းဆိုင်ရာ သင်ကြားရေးဆေးရုံသစ်ကြီးတစ်ခု စတင်တည်ဆောက်နေပြီဖြစ်

# မဝေးလှသော အနာဂတ်ကာလတွင် နိုင်ငံတကာအဆင့်မီ သင်ကြားရေးဆေးရုံသစ်ကြီး ပေါ်ထွန်းလာတော့မည်

☆ **ကျောဖုံးမှ**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်း (FDI)မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဦးဘမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖော်ညွှန်းပြသ

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံများကို ယခုကဲ့သို့ (၂၄)ကြိမ်မြောက်သည်အထိ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် စုစည်းညီညွတ်ခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အသင်းကြီးအဖြစ် အမျိုးသားရေးမျက်နှာစာမှာ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်မှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်း (FDI)၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀၀ပြည့်နှစ်မှစပြီး မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် ယှဉ်တွဲပြီး အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့၏ ပညာရပ်ဆိုင်ရာ ပူးတွဲအစည်းအဝေး (FDI-MDA Joint Educational Meeting) များကို ယခု ပဉ္စမအကြိမ်တိုင်အောင် နှစ်စဉ်မပျက် ကျင်းပလာခဲ့ခြင်းသည်လည်း မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ပြည်သူများ၏ သွားဘက်ဆိုင်ရာ ကျန်းမာရေးအဆင့်အတန်း မြင့်တင်ရေးကဏ္ဍများတွင် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်းကြီးနှင့်တကွ နိုင်ငံတကာ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များနှင့်ပါ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေမှုကို ဖော်ညွှန်းပြသနေခြင်း ဖြစ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

### အခြေခံကောင်းများ

ဤကဲ့သို့ နိုင်ငံတကာ သွားဘက်ဆိုင်ရာ ဦးဆောင်အဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပူးတွဲအစည်းအဝေး ကျင်းပမှုများ ပြုလုပ်နိုင်သည့်အတွက် အမြဲတိုးတက်ပြောင်းလဲနေသော သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ၊ သွားဘက်ဆိုင်ရာ ကုထုံးနည်းစနစ်သစ်များ၊ သွားဘက်ဆိုင်ရာ ခေတ်မီဆေးပစ္စည်းကိရိယာများကို မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် အချိန်နှင့် တစ်ပြေးညီ ရရှိအသုံးပြုနိုင်သကဲ့သို့ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ အတွေ့အကြုံ ဆွေးနွေးဖလှယ်ပြီး ပိုမိုတိုးတက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေခံကောင်းများလည်း တိုးပွားဖြစ်ထွန်းစေမှာ အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဂုဏ်သိက္ခာမြင့်မားစွာဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရန် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး စွမ်းပကားနှင့် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်သည့်အတွက် မိမိနိုင်ငံသူ၊ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံအကျဆုံးသော အမျိုးသားရေးလိုအပ်ချက်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးဆိုသည့် မွန်မြတ်မြင့်မားသည့် ဦးတည်ချက်ကိုချမှတ်ပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် အရည်အသွေးကို မြှင့်တင်ပေးနိုင်စေရန် ဘက်စုံကဏ္ဍစုံက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

### တစ်ခန်းတစ်ကဏ္ဍ

ဤကဲ့သို့ တစ်မျိုးသားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် အရည်အသွေး တိုးတက်လွှမ်းခြုံ မြှင့်တင်ပေးနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သွားနှင့်ခံတွင်း ကျန်းမာရေးကဏ္ဍကိုလည်း အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် ပဏာမ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် ကျောင်းသူ၊ ကျောင်းသားလူငယ်များ၊ လူရွယ်လူလတ်များနှင့် သက်ကြီးရွယ်အိုများ၏ ပဏာမ သွားနှင့်ခံတွင်း ကျန်းမာရေး တိုးမြှင့်စောင့်ရှောက်ပေးရန်၊ သွားရောဂါကာကွယ်နည်းများ ထိထိရောက်ရောက် အသုံးပြုနိုင်စေရန်၊ ခံတွင်းကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ စားသုံးသည့် အလေ့အကျင့်ရှိလာစေရန်၊ မူလတန်းကျောင်းသူ၊ ကျောင်းသားများ သွားနှင့်ခံတွင်း နည်းစနစ်မှန်ကန်စွာ သန့်စင်တတ်စေရန်၊ ပြည်သူလူထုအတွင်း သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ မှန်ကန်သည့် အသိအမြင်နှင့် အလေ့အကျင့် ရရှိလာစေရန် ဘက်စုံကဏ္ဍစုံတွင် ဖြန့်ကြက်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် သွားဘက်ဆိုင်ရာ ဆေးပညာကဏ္ဍတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သွားဘက်ဆိုင်ရာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သွားဘက်ဆိုင်ရာဆရာဝန်များ အဆင့်မြင့်ပညာ စဉ်ဆက်မပြတ် သင်ယူနိုင်ရေး၊ နိုင်ငံတကာမှာ တိုးတက်ဖြစ်ထွန်းနေသော သွားဘက်ဆိုင်ရာဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုများ၊ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများနှင့် လိုက်လျောညီထွေစွာ မြန်မာနိုင်ငံ၏ သွားဘက်ဆိုင်ရာ ဆေးပညာနှင့် ကုသမှုဆိုင်ရာ အရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေး အစီအမံများကို နိုင်ငံတော်အစိုးရက အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသများ၊ ကျေးလက်အစွန်အဖျား အပါအဝင် တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်စေရန်အတွက် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် ဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးမှု၊ ဆေးရုံများ အဆင့်မြှင့်တင်ပေးမှုများ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ခေတ်မီဆေးရုံသုံး ပစ္စည်းကိရိယာများ တပ်ဆင်ပေးမှုများကို ဆောင်ရွက်လျက်ရှိရာတွင် သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုပေးရေးအတွက်ပါ အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဆိုလျှင် ခရိုင်အဆင့် ဆေးရုံကြီးတိုင်းတွင် သွားဘက်ဆိုင်ရာ အထူးကုဌာနများ၊ အထူးကုသမားတော်ကြီးများ၊ သွားဘက်ဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများ တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း။

### တက္ကသိုလ်နှစ်ခု

သွားဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးရေးတွင်လည်း ယခင်ခေတ်ကာလက သွားဘက်ဆိုင်ရာ တက္ကသိုလ်တစ်ခုသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ရန်ကုန်နှင့် မန္တလေး သွားဘက်ဆိုင်ရာ တက္ကသိုလ်နှစ်ခု ရှိလာပြီဖြစ်သည့်အပြင် ကျောင်းသားဦးရေ တိုးမြှင့်လက်ခံ သင်ကြားပေးနေသည့်အတွက် သွားဘက်ဆိုင်ရာ ဆရာဝန်များ ယခင်ကထက် နှစ်ဆကျော် ပိုမိုမွေးထုတ်နိုင်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် ၁၉၈၇ခုနှစ်တွင် သွားဘက်ဆိုင်ရာ ဆရာဝန်ပေါင်း ၈၀၀ခန့်သာ ရှိခဲ့ရာမှ ယခုဆိုလျှင် သွားဘက်ဆိုင်ရာ ဆရာဝန်ပေါင်း ၁၅၀၀ ခန့် ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်သည့် သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့်လည်း ယခင်ခေတ်ကာလက ၃၀၀ခန့်သာရှိခဲ့ရာက ယခုဆိုလျှင် ၅၀၀ခန့်အထိ တိုးတက်ခန့်ထားနိုင်ပြီဖြစ်ကြောင်း။

သို့ရာတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၂သန်းကျော်တွင် သွားဘက်ဆိုင်ရာ ဆရာဝန် ၁၅၀၀ခန့်သာ ရှိသေးသည့်အတွက် ပြည်သူလူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးတွင် သွားဘက်ဆိုင်ရာ ဆရာဝန်များ အပါအဝင် သွားဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရဦးမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သွားဘက်ဆိုင်ရာဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသည့် သွားဘက်ဆိုင်ရာပညာရှင်များ၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာစေရန် စနစ်တကျ စီမံချမှတ် အားပေးဆောင်ရွက်လျက်လည်း ရှိကြောင်း။

### သင်ကြားရေးဆေးရုံသစ်ကြီး

ယခုဆိုလျှင် ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ယှဉ်တွဲပြီး သွားနှင့်ခံတွင်းဆိုင်ရာ သင်ကြားရေးဆေးရုံသစ်ကြီးတစ်ခုကို စတင် တည်ဆောက်နေပြီဖြစ်သည့်အတွက် မဝေးလှသော အနာဂတ်ကာလတွင် နိုင်ငံတကာအဆင့်မီ သင်ကြားရေးဆေးရုံသစ်ကြီး ပေါ်ထွန်းလာတော့မည်ဖြစ်သည့်အပြင် အခြားသော နိုင်ငံတကာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနည်းတူ သင်ကြားရေးဆေးရုံသစ်ကြီးတွင် သွားနှင့်မျက်နှာ၊ မေးရိုး၊ ခံတွင်းရောဂါ ခွဲစိတ်ကုသမှုများ၊ နှုတ်ခမ်းကွဲ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုများကို အဆင့်အတန်းမြင့်မြင့်မားမားနှင့် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း။

အဆင့်မြင့်သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ စဉ်ဆက်မပြတ် သင်ယူနိုင်ရေးအတွက်လည်း သွားဘက်ဆိုင်ရာ မဟာသိပ္ပံ (M.D.Sc) သင်တန်းများ၊ သွားဘက်ဆိုင်ရာ ဆေးပညာဒီပလိုမာဘွဲ့လွန် သင်တန်းများကို တိုးချဲ့ဖွင့်လှစ်သည့်အတွက် ယခုဆိုလျှင် သွားဘက်ဆိုင်ရာ မဟာသိပ္ပံ (M. D. Sc) ဘွဲ့ရ ၈၅ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဒီပလိုမာဘွဲ့ရ ၄၉ဦး ပေါ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

❀ စာမျက်နှာ ၁၀ မှ

ထို့အပြင် ရန်ကုန်ဆေးတက္ကသိုလ်(၁)တွင် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သည့် မျက်နှာ၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသမှုပါရဂူ (Ph. D)ဘွဲ့ သင်တန်းတွင်လည်း သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး တက်ရောက်လျက်ရှိသကဲ့သို့ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၏ ပထမဆုံးသော ပါရဂူဘွဲ့သင်တန်းဖြစ်သည့် Oral Medicine and Oral Pathology (Ph. D) သင်တန်းကို ဖွင့်လှစ်နိုင်ပြီဖြစ်သည်မှာ သွားဘက်ဆိုင်ရာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားပေါ်ထွန်းရေးအတွက် အားရကျေနပ်ဖွယ် တိုးတက်ဖြစ်ထွန်းမှုများပင် ဖြစ်ကြောင်း၊ ဆက်လက်ပြီး သွားနှင့်ခံတွင်း ဆေးပညာဘာသာရပ်ဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများ တိုးတက်ဖွင့်လှစ်သွားရန် အစီအစဉ်များ ရှိသည်ဟုသိရသည့်အတွက် အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည်အထိ ကြိုးစားဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် သွားဘက်ဆိုင်ရာ ကျန်းမာရေးကဏ္ဍတစ်ရပ်လုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် စနစ်တကျ ဖြန့်ကြက်စီမံဆောင်ရွက်နေသည့် အခြေအနေအချိန်အခါကောင်းတွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးနှင့်တကွ အသင်းဝင် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၏ တက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်အတွင်း သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ နိုင်ငံတကာအဆင့်မီ တိုးတက်ဖွံ့ဖြိုးလာမှုများ၊ ပြည်သူများ၏ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး အဆင့်အတန်းနှင့် အသိပညာ တိုးတက်မြင့်မားလာမှုများကို ထင်ထင်ရှားရှား တွေ့မြင်နေရပြီလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပဏာမ သွားနှင့်ခံတွင်း ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေး လုပ်ငန်းများ၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ၏ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု ပညာပေးမှုလုပ်ငန်းများ၊ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ အခမဲ့ ခွဲစိတ်ကုသပေးမှုလုပ်ငန်းများကို မိမိအသင်းကြီး ကိုယ်တိုင်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများ၊ အခြားသော စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက်သော်လည်းကောင်း တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့မြင်ရပြီဖြစ်ကြောင်း။

**တားဆီးကာကွယ်ရေး**

အထူးသဖြင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် ကမ္ဘာ့လူသားအားလုံးကို အန္တရာယ်ပြုနေသည့် HIV-AIDS ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ပြီး သွားဘက်ဆိုင်ရာ ဆေးကုသမှုမှတစ်ဆင့် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်စေရန် လိုအပ်သည့်အစီအမံများ၊ ပညာပေးမှုများကို စနစ်တကျ စီမံဆောင်ရွက်နေသည်မှာ အားရကျေနပ်ဖွယ်ပင် ဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းအနေဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ၏ စဉ်ဆက်မပြတ် ပညာရည်ပြန့်ပွားရေး (Continuing Education) အတွက် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့် သွားဘက်ဆိုင်ရာ ဆေးပညာရပ်များနှင့်အညီ သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် မွမ်းမံသင်တန်းများ၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာ စာတမ်းစာစောင်များ ပြုစုဖြန့်ဝေမှုများ၊ နိုင်ငံတကာ သွားဘက်ဆိုင်ရာ အစည်းအဝေးများ၊ ဆွေးနွေးပွဲများသို့ စေလွှတ်မှုများ စသည့် ပညာပြန့်ပွားရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းညီညာသည့် အမျိုးသားရေးစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်စေရန် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး အရင်းအမြစ် စွမ်းအားစုများကို ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် တူညီသောရည်မှန်းချက်နှင့် စုစည်းခိုင်မာသည့် စွမ်းအားစုများအဖြစ် ပေါင်းစည်းတည်ဆောက်ပေးလျက်ရှိကြောင်း၊ ဤကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီး အနေဖြင့် သွားဘက်ဆိုင်ရာဆရာဝန်များကို စည်းရုံးဦးဆောင်ပြီး အမျိုးသားရေး အကျိုးစီးပွားကို သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် ဖန်တီးဖော်ဆောင်ပေးနေသည့်အပြင် အမျိုးသားရေးမျက်နှာစာတွင် နိုင်ငံတော်က အားထားရသည့် တိုင်းကျိုးပြည်ဆောင် စွမ်းအားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နေခြင်းသည် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများအတွက် သာမက တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်ဖြောင့်မတ်သော၊ အမျိုးသားရေး အကျိုးစီးပွားရေးရှုသော ဦးဆောင်လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအပါအဝင် အမျိုးသားရေး စွမ်းအားစုများအားလုံး၏ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများနှင့်အတူ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးစည်ပင်မှု၊ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားမှု၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု စသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ အစီအရီ ဆင့်ပွားပေါ်ထွန်းလျက် ရှိနေပြီလည်းဖြစ်ကြောင်း။

**ရင်ပေါင်တန်း**

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး၏ ပေါင်းစည်းညီညွတ်သည့် စွမ်းပကားကြောင့် ရရှိဖြစ်ထွန်းနေသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ရင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းမှု၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်မှုဆိုသည့် အမျိုးသားရေး လမ်းကြောင်းမှန်အတိုင်း အနာဂတ်ကာလတိုင် ထိန်းသိမ်းဖော်ဆောင်သွားနိုင်စေရေးအတွက် နိုင်ငံတော် ရှေ့ဆက်ချီတက် လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို စတင်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်လည်း ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းကြီးအနေဖြင့် ၂၀၀၃ခုနှစ် စက်တင်ဘာလက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ကြိုဆိုထောက်ခံပွဲတွင်ရော၊ အောက်တိုဘာလက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကျင်းပခဲ့သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး လူထုအစည်းအဝေးကြီးတွင်ပါ အမျိုးသားရေးတာဝန် ကျေပွန်စွာဖြင့် ပူးပေါင်းပါဝင် တက်ရောက်ခဲ့သည့် အစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော် ရှေ့ဆက်ချီတက် လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် တစ်မျိုးသားလုံးနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါကာလတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားဖြင့်သာလျှင် မိမိနိုင်ငံ၊ မိမိလူမျိုး ဂုဏ်သိက္ခာ တိုးတက်မြင့်မားရန်၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံနှင့် လူမျိုးအဖြစ် ကမ္ဘာတည်သရွေ့ ခိုင်ခိုင်ခံ့ခံ့ ရပ်တည်နိုင်စေရအောင် ကြိုးပမ်းစွမ်းဆောင်နိုင်မည်ဖြစ်သဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ ကျန်းမာကြံ့ခိုင် သန်စွမ်းပြီး စိတ်ဓာတ်မြင့်မား ခိုင်မာစေရေးအတွက် သွားဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကတစ်ဆင့် တစ်တပ်တစ်အား ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ ပညာရှင်ကြီးများကို မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **မြန်မာနိုင်ငံ သွားဘက်ဆိုင် ဆရာဝန်အသင်းကြီးကို ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထိရောက်ခိုင်မာပြီး စွမ်းဆောင်ရည်ထက်မြက်သည့် တိုင်းကျိုးပြည်ဆောင် အမျိုးသားရေး စွမ်းအားစုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ၊**
- **သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာတိုးတက်မြင့်မားရေး၊ သွားနှင့်ခံတွင်း ဆေးပညာလောက တိုးတက်စည်ပင်ရေးနှင့် ပြည်သူလူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ၊ ပြည်ထောင်စုကြီး၏ အနာဂတ် အေးချမ်းသာယာ တည်တံ့ခိုင်ခံ့ရေးကို အာမခံပေးမည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် သွားဘက်ဆိုင်ရာ ဆရာဝန်များအားလုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အမျိုးသားရေးတာဝန် ကျေပွန်စွာ ပူးပေါင်းပါဝင် စွမ်းဆောင်နိုင်ကြပါစေဟု**

ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သွားဘက်ဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

# (၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

**(၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် ပဉ္စမအကြိမ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း** ( World Dental Fedreation - FDI) **နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပူးတွဲအစည်းအဝေး** ( 24th Myanmar Dental Conference and 5th FDI - MDA Joint Educational Meeting)**ကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်း**(FDI)**မှ ကိုယ်စားလှယ်နှင့် ဖိတ်ကြားထားသူများ၊ စာတမ်းရှင်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဦးဘမြင့်နှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့အစည်း (FDI)မှ ကိုယ်စားလှယ် Dr. Choo Teck Chuan တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ကြိုဆိုရေးနှင့်ခံရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများက သဝဏ်လွှာနှင့် အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌအဖြစ် ပါမောက္ခ ဦးဘမြင့်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပါမောက္ခ ဦးသိန်းထွင့်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ပါမောက္ခ ဦးမျိုးဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် FDI-MDA ပူးတွဲအစည်းအဝေးကို စတင်ကျင်းပသည်။

အဆိုပါအစည်းအဝေးကို ဇန်နဝါရီ ၃၁ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း၊ပြည်ပမှ စာတမ်းရှင် ၂၂ဦးတို့က သွားဘက်ဆိုင်ရာ ဆေးပညာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်ပြကြမည်ဖြစ်သည်။ (သတင်းစဉ်)

# မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲနောက်ဆုံးနေ့ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ (Seminar on Understanding Myanmar)ကို နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ စတင်လျက် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာသံအမတ်ကြီးများ၊ အငြိမ်းစား မြန်မာသံအမတ်ကြီးများ၊ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ စီးပွားရေးပညာရှင်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပြည်ပ နိုင်ငံများဖြစ်သော ဘရူနိုင်း၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ သုတေသန ကျွမ်းကျင်ပညာရှင်များ၊ စာတမ်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းက "မြန်မာနိုင်ငံခြားရေးဝါဒ၏ ဦးစားပေး အစီအစဉ်များ" (Priorities in Myanmar Foreign Policy) စာတမ်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြက "ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေး" (Cooperation with the United Nations) စာတမ်း၊ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက "မြန်မာနိုင်ငံရှိ အမျိုးသမီးများ" (Women in Myanmar) စာတမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်ညွန့်က "သမိုင်းရေးရာနှင့် ယဉ်ကျေးမှုရေးရာ ရှုမြင်သုံးသပ်ချက်" (Historical and Cultural Aspects) စာတမ်းနှင့် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာကျော်ဝင်းက "မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ" (Human Rights in Myanmar) စာတမ်းတို့ကို ဖတ်ကြားကြရာ ပြည်တွင်း၊ပြည်ပ ပညာရှင်များနှင့် သုတေသီများက သက်ဆိုင်ရာစာတမ်းအလိုက် တက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး တက်ရောက်သူများသည် ဇန်နဝါရီ ၂၉ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ဦးဆောင်လျက် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် မြန်မာနိုင်ငံ အထက်ပိုင်းသို့ လေ့လာရေးခရီး ထွက်ခွာကြမည်ဖြစ်သည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၁-၂၀၀၄ (ကြာသပတေးနေ့)**
**၁၃၆၅ခုနှစ်၊တပို့တွဲလဆန်း ၈ရက်(ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အကပဒေသာ
၈:၂၀ ၇။ သုံးဆယ်ရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး ၂၀၀၂ခုနှစ် (၅၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ ကောက်နုတ်ချက်
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၅:၁၅ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ်
၅:၃၀ ၇။ မြန်မာစာမြန်မာစကား
၅:၄၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၆:၀၀ ၉။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၁၅ ၁၀။ သက်တံရောင်သံစဉ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Milo Success in Soccer.
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၁၀)**
၇:၃၅ ၁၅။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ် ၂၀၀၂ခုနှစ် (၅၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှကောက်နုတ်ချက်
၇:၄၅ ၁၆။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်နိုင်မာရန်မှာ ဒို့ဝန်တာ "ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်အမြဲဌာန်" -ပြည်ထောင်စုရဲ့သွေးချင်းများ (ရတနာဦးနှင့် တိုင်းရင်းသူများ)** ၂၀၀၂ခုနှစ် (၅၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ ကောက်နုတ်ချက်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **(၅၅)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ(အပိုင်း-၂)**
၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

# လာအို ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ လှိုင်သာယာစက်မှုမြို့တွင် လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၈

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်တာဗီဘော့ဟီစိမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီ မိနစ် ၅၀တွင် လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲရေးရုံးသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ရှေးဦးစွာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကနောင်ခန်းမ၌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လှိုင်သာယာ စက်မှုမြို့အကြောင်း သိကောင်းစရာများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းလိုက်ပါ၍ လှိုင်သာယာစက်မှုမြို့ စက်မှုဇုန်(၃) မင်းကြီးမဟာမင်းခေါင်လမ်းနှင့် နဝဒေးလမ်းထောင့်ရှိ FAME ဆေးဝါး ထုတ်လုပ်ရေး စက်ရုံသို့ သွားရောက်လေ့လာကြရာ စက်ရုံမှူး ဦးတင်မောင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စက်ရုံညှိခန်း၌ စက်ရုံမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအဆင့်ဆင့်ကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၏ ဆေးပေါင်းပျားရည်ထုတ်လုပ်ခြင်း၊ သဘာဝပျားရည်ထုတ်လုပ်ခြင်း၊ ပျားရည်ပေါင်းခြင်း၊ ဆေးတောင့်ဖြည့်စွက်ခြင်း၊ ဆေးတောင့်သန့်စင်ခြင်း၊ ရောနှောဖျော်စပ်ခြင်း၊ တံဆိပ်ကပ်ထုပ်ပိုးခြင်းလုပ်ငန်းများနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ အရည်အသွေး ထိန်းသိမ်းရေးဌာန၊ ဆေးဝါးကုန်ကြမ်း ပြုပြင်ထုတ်လုပ်ခြင်းဌာန၊ ဆေးဝါးအဆီအနှစ်ထုတ်လုပ်ခြင်းဌာန၊ တမာအရေပြားလိမ်းဆေးနှင့် လင်ဇီး အကိုက်အခဲပျောက်လိမ်းဆေး ဖြည့်သွင်းခြင်းဌာနများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(ကျောက်တန်းပြန်/ဆက်)

## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

**ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။**

**သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရည် ချွန်ဆုနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၆ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောက်တန်းမြို့ ခေတ်မီအီလက်ထရောနစ်စာကြည့်တိုက် စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ၄နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ခေတ်မီအီလက်ထရောနစ်စာကြည့်တိုက်သို့ရောက်ရှိလာရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။**

ရှေးဦးစွာဝန်ကြီးသည် ခေတ်မီ အီလက်ထရောနစ်စာကြည့်တိုက် တိုးချဲ့အဆောက်အအုံ ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးရာ စာကြည့်တိုက် တိုးချဲ့အဆောက်အအုံ ဆောက်လုပ်မှုနှင့် ပတ်သက်၍ ACE ဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဆန်းက ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် တိုးချဲ့အဆောက်အအုံ ဆောက်လုပ်ရေး၊ စာအုပ်စင်များ ခင်းကျင်းသိုမီးထိန်းသိမ်းမည့် ပုံစံရေးဆွဲရေး၊ စာအုပ်စင်ဒီဇိုင်းများ ရေးဆွဲတင်ပြဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(သန်လျင်) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြန်ကြားရေးလုပ်ငန်းများ သွက်လက်ထက်မြက်၍ အရည်အသွေး တိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ နေ့စဉ် စာဖတ်ပရိသတ်နှင့် ရုပ်မြင်သံကြား ကြည့်ရှုသူပရိသတ် တစ်လထက်တစ်လ ပိုမိုတိုးပွားလာရေး စည်းရုံးဆောင်ရွက်ကြရန်၊ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုးပွားပေါ်ပေါက်လာရေး စည်းရုံးဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

## မြေငလျင်သတင်း

ရန်ကုန် ဇန်နဝါရီ ၂၈

**၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၈ ရက် မြန်မာစံတော်ချိန် ၀၇နာရီ ၄၆မိနစ် ၃၈ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ မြောက်ဘက် မိုင် ၁၁၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ဒသမ ၅အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။**

## ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ် ၄၅ ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၈**

တီဗီ၊ ဗီစီဒီ၊ ကက်ဆက်နှင့် အဲယားကွန်းပါ ပြည်တွင်းဖြစ် ဝက်ဂွန်ကားအများ စိတ်ဝင်စားကြသဖြင့် ပြည်ပမှ အမှာစာပင် ရရှိထားဟုဆို စသည် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။ **(ဝဲပုံ)**

ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၁၃ က တစ်ပြည်လုံးဖြန့်ချိထားသည်။(က–ပ)

## အမှာစကားပြောကြား

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် အစည်းအဝေး(၁/၂၀၀၄) တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း အမှာစကား ပြောကြားစဉ်။**

(ဘောလုံးအဖွဲ့ချုပ်)

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် အစည်းအဝေး(၁/၂၀၀၄)ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေး(၁/၂၀၀၄)ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နာယကများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးအောင်ကိုဝင်းတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်(ဥက္ကဋ္ဌ ၊ ဒဂုံအင်တာနေရှင်နယ် လီမိတက်)က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို (အထူးအရာရှိ၊ အားကစားဝန်ကြီးဌာန) က ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်များက တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး နာယက ဗိုလ်ချုပ်ကျော်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

**ဇန်နဝါရီ ၂၇ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ပညာရေးရာအဖွဲ့)၏ လူမှုဘဝကျွမ်းကျင်မှု အခြေခံဟောပြောပွဲကို တာမွေမြို့နယ် အထက(၄) မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်လှ ဟောပြောစဉ်။** (ကြေးမုံ)

# ဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ 'ဝ'ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ သွားရောက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၈

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့ပါဝင်သော ဝန်ကြီးငါးဦးသည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ချက်များလေ့လာရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းများသို့ ဇန်နဝါရီ ၂၃ရက်မှစ၍ သွားရောက်လေ့လာလျက်ရှိရာ ဇန်နဝါရီ ၂၄ရက်က ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်လေ့လာကြသည်။**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သင်တန်းကျောင်း ခေတ္တကျောင်းအုပ် ဦးကျော်ကျော်ဦးနှင့် ကျိုင်းတုံဒီဂရီကောလိပ် လက်ထောက်မော်ကွန်းထိန်း ဒေါ်ဝေဝေနိုင်တို့က ရှင်းလင်းပြောကြားသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် နံနက် ၉နာရီခွဲတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကျိုင်းတုံမှထွက်ခွာခဲ့ရာ ၁၀နာရီ ၁၀မိနစ်တွင် မိုင်းပေါက်သို့ ရောက်ရှိကြသည်။ မိုင်းပေါက်တွင် တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်ဖူးနှင့်အဖွဲ့က ကြိုဆိုကြသည်။

ဆက်လက်၍ 'ဝ'ဒေသ အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းရုံးတွင် UNODC ဌာနေကိုယ်စားလှယ် မစ္စတာ လီမင်ဟုက နှုတ်ခွန်းဆက်စကားပြောကြားပြီး စီမံကိန်းမန်နေဂျာ မစ္စတာဂျယ်ရမီမီလ်ဆင်က စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာတွင် 'ဝ'အထူးဒေသ မိုင်းပေါက်ခရိုင်အတွင်း မြို့နယ် ငါးမြို့နယ်၊ ကျေးရွာ ၃၃၇ရွာ၌ အိမ်ထောင်စုပေါင်း ၈၄၅၂စုရှိပြီး လူဦးရေ ၄၄၁၄၃ဦး ရှိကြောင်း၊ လူမျိုး ၁၂မျိုးနေထိုင်ပြီး အဓိက လားဟူ၊ ရှမ်းနှင့် 'ဝ'လူမျိုးတို့ အများဆုံးနေထိုင်ကြောင်း၊ စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ 'ဝ'ဒေသတွင် လူထုအခြေပြု မူးယစ်ဆေးဝါး လျှော့ချရေး၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သုံးစွဲမှုကင်းရှင်းရေး ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စီမံကိန်း၏ အဓိကလုပ်ငန်းဌာနခွဲ ခြောက်ခုအနက် ကျန်းမာရေးကဏ္ဍတွင် ပြည်သူ လူထုအတွင်း ၎င်းတို့ကိုယ်တိုင်သိရှိ စွမ်းဆောင်နိုင်မှု ရှိလာစေရေးနှင့် ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်လာစေရန်၊ လက်ရှိကာလနှင့် အနာဂတ်ကာလတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ လျှော့ချနိုင်ရန်နှင့် စီမံကိန်း ပြီးဆုံးပြီးနောက် ဆက်လက်တည်တံ့သော ကျန်းမာရေးစနစ် ထူထောင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊အခြေခံအဆောက်အအုံကဏ္ဍတွင် ဒေသဆိုင်ရာ စွမ်းဆောင်ချက်မြင့်မားလာစေရန် လူမှုရေး၊ စီးပွားရေး အဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် ဈေးကွက်များသို့ ရောက်ရှိစေရေး၊ လိုအပ်သောဝန်ဆောင်မှုများ ရရှိစေနိုင်ရေးနှင့် ဆက်သွယ်ရေး ခက်ခဲခြင်းများ လျှော့ချနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးကဏ္ဍတွင် ဒေသလူထုအတွင်း ပညာရည်မြင့်တင်ပေးရန်နှင့် နိုင်ငံတော်အစိုးရပြဋ္ဌာန်းချက် သင်ရိုးညွှန်းတမ်းအတိုင်း ဆက်လက်လေ့လာဆည်းပူးနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ဒေသတွင်းရှိ ပြည်သူများ၏ အရည်အသွေးတိုးတက်မြင့်မားစေရန်နှင့် သဘာဝအရင်းအမြစ်များကို ကောင်းစွာထိန်းသိမ်း၍ ရိက္ခာဖူလုံအောင်ထုတ်လုပ်ရန်နှင့် ဝင်ငွေတိုးတက်ရရှိစေရန်တို့ကို ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဤသို့ 'ဝ'ဒေသ အစားထိုးဖွံ့ဖြိုးရေး စီမံကိန်း ဆောင်ရွက်ပေးနိုင်မှုကြောင့် စီမံကိန်းဒေသအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ သိသိသာသာလျော့နည်းကျဆင်းခဲ့ကြောင်း၊ ၁၉၉၉ခုနှစ်တွင် ဘိန်းစိုက် ဧက ၁၂၁၂ဟက်တာရှိခဲ့ရာမှ ၂၀၀၂ခုနှစ်တွင် ၉၅၆ဒသမ၃၇ဟက်တာသာ ရှိခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ၇၇၅ဒသမ၅၃ဟက်တာအထိ ကျဆင်းသွားကြောင်း၊၂၀၀၄ခုနှစ်တွင် ဟက်တာ ၅၀၀ခန့်အထိ ကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ် များသည် မိုင်းပေါက်မှ နံနက် ၁၁နာရီခွဲတွင် တပ်မတော် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပန်ဆန်းသို့ နံနက် ၁၁နာရီ မိနစ် ၅၀တွင် ရောက်ရှိကြသည်။ ပန်ဆန်းတွင် တိုင်းရင်းသားခေါင်းဆောင် ဦးလီဇီးယူနှင့် အဖွဲ့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ 'ဝ' တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချန်းက ရှင်းလင်းပြောကြားရာတွင် ၁၉၈၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့မှစ၍ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ရယူခဲ့ကြောင်း၊ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံအလိုက်ကူညီမှုများကြောင့် 'ဝ'ဒေသ၏ သမိုင်းတစ်ခေတ်ကို နက်ရှိုင်းစွာ တိုးတက်ပြောင်းလဲစေခဲ့ကြောင်း။

ထိုသို့ တိုးတက်လာသည်နှင့်အမျှ ၂၀၀၅ခုနှစ်တွင် မူးယစ်ဆေးဝါး ပပျောက်ရန် ဦးတည်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်၍ လမ်းဖောက်လုပ်မှုကဏ္ဍတွင် ၁၉၈၉ ခုနှစ်မတိုင်မီက လမ်းအရှည်စုစုပေါင်း ကီလိုမီတာ ၃၀၀ ရှိခဲ့ရာမှ ယခု ကီလိုမီတာ ၁၈၀၀ အထိ တိုးချဲ့နိုင်ခဲ့ကြောင်း၊ ထို့ပြင် အခြား 'ဝ'ဒေသမြောက်ပိုင်း၊ တောင်ပိုင်းမြို့နယ်များအထိ ဆက်သွယ်သည့် လမ်းအရှည်အား ကီလိုမီတာ ၃၀၀၀ကျော်နှင့် တံတားပေါင်း ၂၅၀ ကျော် တည်ဆောက်နိုင်ခဲ့ကြောင်း၊ စွမ်းအင်ကဏ္ဍတွင် ၁၉၈၉ ခုနှစ်မတိုင်မီက ကီလိုဝပ် ၄၀ ရေအားလျှပ်စစ်စက်ရုံ တစ်ရုံသာရှိခဲ့ရာမှ ယခုအခါ ခုနစ်ရုံအထိ တိုးချဲ့နိုင်ခဲ့ပြီး စုစုပေါင်းကီလိုဝပ် ၁၃၅၆၀ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ ထုတ်လုပ်ပေးနိုင်မှုကြောင့် စက်မှုဖွံ့ဖြိုးရေးနှင့် စီးပွားရေးအတွက် များစွာ အကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ မြို့ပြတည်ဆောက်မှု အပိုင်းတွင်လည်း ပန်ဆန်း၊ မိုင်းမောနှင့် နမ့်တစ်မြို့များကို 'ဝ'မြောက်ပိုင်းဒေသတွင် ယခုတွေ့မြင်နေရသည့်အတိုင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ အလားတူ 'ဝ'တောင်ပိုင်းဒေသကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် 'ဝ' မြောက်ပိုင်းဒေသ စိုက်ပျိုးရေး၌ နိုင်ငံတော်အစိုးရ၏ ကူညီမှုဖြင့် ဝမ်လင်းဆည်နှင့် မိုင်းကာဆည်ရေသွယ်မြောင်း ဖောက်လုပ်မှု လုပ်ငန်းများကြောင့် ကုန်းမြင့်ဒေသ စံပြစိုက်ခင်းများအဖြစ် တိုးတက်ဖြစ်ထွန်းမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အတူ မြို့နယ်တိုင်းတွင်လည်း စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် 'ဝ'မြောက်ပိုင်း ဒေသတွင် ၁၉၈၉ ခုနှစ်မတိုင်မီက ရိက္ခာဝမ်းစာ လေးလမှ ခြောက်လအထိသာ ဖူလုံခဲ့ရာမှ ယခုအခါ ခြောက်လမှ ရှစ်လအထိ ဖူလုံလာသည်ကိုတွေ့ရကြောင်း၊ 'ဝ' တောင်ပိုင်းဒေသတွင် ရေသွယ်မြောင်း ၂၇ ခု၊ ဆည်ခြောက်ခု၊ လယ်ထွန်စက် ၁၂၀ စီး၊ ကျွဲ၊ နွားအကောင် ၅၅၀ ဝယ်ယူ၍ တောင်သူများအား အတိုးမဲ့ဖြန့်ဝေပေးနိုင်ခဲ့သဖြင့် ၂၀၀၃ ခုနှစ်တွင် ဆန်တန်ချိန် ၃၂၅၀၀ အထိ ထုတ်လုပ်နိုင်ခဲ့ပြီး တန်ချိန် ၆၀၀၀ အထိ ပိုလျှံစပါးများကို ပြင်ပသို့ ရောင်းချနိုင်ခဲ့ကြောင်း၊ ပြောင်းအထွက်တိုးတန်ချိန် ၃၀၀၀ကိုလည်း ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် ဟုန်ပန်းမွေးမြူရေးခြံ အကြီးနှစ်ခုကို မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် တည်ထောင်နိုင်ခဲ့သဖြင့် ဒေသလိုအပ်ချက်ကို ပြည့်စုံစွာ ဖြည့်ဆည်းနိုင်ခဲ့ကြောင်း၊ ဘိန်းအစားထိုး စိုက်ပျိုးရေးကဏ္ဍတွင် နှစ်ရှည်ပင် ရော်ဘာ၊ ကျွန်းနှင့် သစ်မာများကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရော်ဘာစုစုပေါင်း ၁၈၁၂၂ဧကနှင့် ကျွန်းပင် ၈၀၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နှစ်တို သီးနှံ လိုက်ချီး၊ လိမ္မော်၊ သရက်၊ သံပရာ၊ နှင်းသီး၊ လက်ဖက်နှင့် စပျစ်စုစုပေါင်း ၃၆၈၆၀ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း။

စက်မှုနှင့်သတ္တုကဏ္ဍတွင် စီးကရက်စက်ရုံ၊ ဝိုင်အရက်ချက် စက်ရုံ၊ ကျောက်မျက်ရတနာလုပ်ငန်း၊ စက္ကူစက်ရုံ၊ သတ္တုစက်ရုံ၊ မီးခြစ်စက်ရုံ၊ ရေသန့်စက်ရုံ၊ အုတ်စက်၊ ဘီယာချက်စက်ရုံနှင့် စားသောက်ကုန်စက်ရုံများကိုလည်း ထူထောင်နိုင်ခဲ့ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် ကျောင်းပေါင်း ၂၈၈ကျောင်းရှိရာ အလယ်တန်းကျောင်း ခြောက်ကျောင်း ပါဝင်ကြောင်း၊ ကျောင်းသား ၂၅၇၉၆ဦး ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂနှင့် 'ဝ'ဒေသတို့မှ ထောက်ပံ့ငွေများဖြင့် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကျောင်းဆရာ ၉၈၈ဦးရှိကြောင်း၊ ဆေးရုံ ၂၀၊ ဆေးပေးခန်း ၁၀၆ခန်းနှင့် ကျန်းမာရေးအမှုထမ်း ၅၉၁ဦးရှိကြောင်း၊ 'ဝ'ဒေသ၏ အဓိကအခန်းကဏ္ဍအဖြစ် ၂၀၀၃ခုနှစ်တွင် အမျိုးသမီးအဖွဲ့အစည်း တစ်ခုကို ဖွဲ့စည်းတည်ထောင်ပေးနိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကဏ္ဍ၌ 'ဝ'တောင်ပိုင်းဒေသတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကို ၁၉၉၆ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ 'ဝ'ဒေသတွင် လူဦးရေ ခြောက်သိန်းကျော်ရှိပြီး အုပ်ချုပ်ရေးခရိုင် ၂၉ခရိုင်၊ လူမျိုးစု ၁၆စု နေထိုင်လျက်ရှိကြောင်း၊ ဘိန်းစိုက်ပျိုးမှု လေ့လာစမ်းစစ်ချက်အရ မိုင်းမော၊ ဝိန်းကောင်၊ မိုင်းပေါက်၊ လုံထန်၊ နမ့်တစ်၊ ပန်ဆန်းနှင့် မိုင်းပြင်းဒေသများတွင် ဘိန်းစိုက်ပျိုးမှု လုံးဝမရှိတော့ကြောင်း၊ တွေ့ကြုံရသည့်အခက်အခဲအနေဖြင့် 'ဝ'ဒေသသည် ဝေးလံခေါင်းပါးပြီး ဇရာခိုင်နှုန်းမှာ တောတောင်ထူထပ်သဖြင့် ဖွံ့ဖြိုးရေးနှင့် အစားထိုးစိုက်ပျိုးရေး ဆောင်ရွက်ရာတွင် လွန်စွာခက်ခဲကြောင်း၊ 'ဝ'ဒေသဖွံ့ဖြိုးရေးအတွက် UNODC ၏ စီမံကိန်းမှာလည်း ရန်ပုံငွေ အခက်အခဲရှိကြောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် 'ဝ'တောင်ပိုင်းသို့ ပြောင်းရွှေ့နေရာချထားရေး အစီအစဉ်မှာလည်း ငွေကြေးများစွာ လိုအပ်လျက်ရှိကြောင်း၊ ဘိန်းအစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သတ္တုသယံဇာတ ထုတ်လုပ်ရေး လုပ်ငန်းများမှ ထွက်ရှိလာမည့် ကုန်ပစ္စည်းများ ဈေးကွက်အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း၊ အခြားအစားထိုး စက်မှုလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သည့် ဓာတုဆေးဝါးအချို့မှာလည်း နှစ်နိုင်ငံဓာတုဆေးဝါး ထိန်းချုပ်ရေး တင်းကျပ်သည့် အစီအမံများကြောင့် 'ဝ'ဒေသသို့ ပြည်ပမှ တင်သွင်းရန် ခက်ခဲလျက်ရှိကြောင်း၊ တောင်ဘက်ဒေသသို့ ပြောင်းရွှေ့သူများအတွက် ဆေးဝါးလိုအပ်ချက်များ တွေ့ရှိလျက်ရှိကြောင်း၊ ထိုသို့ အခက်အခဲများ တွေ့ကြုံနေရသော်လည်း ၂၀၀၅ခုနှစ် ဘိန်းပပျောက်ရေး ရည်မှန်းချက် ပြောင်းလဲစေမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၊ တရုတ်၊ ထိုင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများ ရရှိလျှင် မိမိတို့ ရည်မှန်းချက်ကို လွယ်ကူချောမောစွာ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် ပန်ဆန်းမှ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီခွဲတွင် မိုင်းမောသို့ ရောက်ရှိကြသည်။ မိုင်းမောတွင် တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူလျန်နှင့် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်အဖွဲ့က ကြိုဆိုကြပြီး မိုင်းမောလက်ဖက်စိုက်ခင်းသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် မိုင်းမောမှ ထွက်ခွာခဲ့ရာ ညနေ ၃နာရီခွဲတွင် နမ့်တစ်သို့ ရောက်ရှိကြသည်။ နမ့်တစ်တွင် တိုင်းရင်းသားခေါင်းဆောင် ဦးလူရှင်ကြာနှင့်အဖွဲ့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်တွင် ဦးလူရှင်ကြာက ရှင်းလင်းပြောကြားရာတွင် မိမိတို့ 'ဝ'ဒေသကို ယခုလိုအခြေအနေမျိုး ရောက်အောင် ၁၀နှစ်ကျော်ကာလအတွင်း အခက်အခဲအမျိုးမျိုးကြားက ကြိုးစားခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်ပအကူအညီများကြောင့် ယခုလိုအခြေအနေမျိုး ရောက်အောင် တိုးတက်လာခြင်းဖြစ်ကြောင်း၊ အဓိကဝင်ငွေအနေဖြင့် သတ္တုတူးဖော်ရေးနှင့် ဒေသအတွင်းရောင်းဝယ်ရေးလုပ်ငန်းများ၊ အဝင်အထွက်ဂိတ်များမှ အခွန်ကောက်ခံခြင်းနှင့် ကုန်သည်များ၏ ထောက်ပံ့ကူညီမှုများဖြင့် ရပ်တည်ဆောင်ရွက်ခဲ့ကြောင်း၊ နမ့်တစ်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းအတွက် ဘိန်းစိုက်ပျိုးမှု လျှော့ချရေး အစီအစဉ်များကို မနေမနားအကောင်းဆုံး ဖြစ်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် နမ့်တစ်မြို့နယ်ရှိ ကျေးရွာပေါင်းခြောက်အုပ်စု၊ အိမ်ခြေ ၂၈၀၀အနက် ကျေးရွာအုပ်စုနှစ်အုပ်စု၊ အိမ်ခြေ ၆၀၀ခန့်သာ ဘိန်းစိုက်ပျိုးလျက်ရှိကြောင်း၊ ထိုကျေးရွာအုပ်စု နှစ်စုမှ တိုင်းရင်းသားပြည်သူများကို တောင်ပေါ်ဒေသမှ မြေပြန့်ဒေသသို့ ပြောင်းရွှေ့ခဲ့ရာတွင် ၎င်းတို့အတွက် အိမ်ရာတည်ဆောက်ရေးနှင့် ဝမ်းစာဖူလုံရေးမှာ အရေးကြီးဆုံး လိုအပ်ချက်ပင် ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အစားထိုးစိုက်ပျိုးရေး လုပ်ငန်းများအနေဖြင့် ရော်ဘာပင် ခုနစ်သိန်းငါးသောင်း၊ လိုက်ချီး တစ်သိန်း၊ တရုတ်ဆီးသီး တစ်သိန်းနှစ်သောင်း၊ လက်ဖက် သုံးသိန်းငါးသောင်း၊ နာနတ် တစ်သိန်းလေးသောင်း၊ ချဉ်စော်ကားသီး တစ်သိန်းငါးသောင်း၊ သစ်ကြားငါးထောင်၊ သရက် ငါးသောင်းနှင့် ပန်းပင် ၁၀သိန်း ၅သောင်း စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ထို့အပြင် ရော်ဘာအစေ့ထုတ်စက်ရုံ တစ်ရုံ၊ အုတ်ကျွပ်စက်ရုံတစ်ရုံ၊ အုတ်နီစက် တစ်ရုံ၊ သောက်သုံးရေလုပ်ငန်း စသည့်လုပ်ငန်းများကိုလည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင် ကျောက်ခင်းလမ်း ၅၃မိုင်၊ မြေလမ်း ၁၁၅မိုင်၊ ကတ္တရာခြောက်မိုင်၊ တံတားကြီးငယ် ၁၆စင်း၊ လမ်းအရှည် ၂၃၅မိုင်တို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လယ်မြေ ၄၅၀၀ဧက ကုန်းမြေ ၅၆၀၀ဧကနှင့်ရေရရှိရေးအတွက် ဆည်မြောင်းအရှည် ၁၆ဒသမ၅မိုင်တို့ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ လက်ရှိလယ်ယာစိုက်ခင်းနှင့် လူဦးရေမှာ မမျှတသဖြင့် ဝမ်းစာလုံလောက်မှု မရှိသေးကြောင်း၊ ထပ်မံ၍ လယ်ယာမြေ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးနိုင်ရန်နှင့် ရေရရှိရေးအတွက် မြောင်းအရှည် တစ်သိန်းတစ်သောင်းငါးထောင်ပေကို ထပ်မံတူးဖော်ရန် လျာထားကြောင်း၊ ရော်ဘာစက်ရုံတစ်ရုံကိုလည်း တည်ဆောက်ရန် ရည်မှန်းထားကြောင်း၊ နိုင်ငံတကာမှ အကူအညီရလျှင် မိမိတို့ဒေသအတွက် များစွာ အကျိုးဖြစ်ထွန်းမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ဓာတုဗေဒဆေးဝါးများ တင်းကြပ်စွာ ထိန်းချုပ်ထားမှုကြောင့် စက်ရုံ၊ အလုပ်ရုံများအတွက် မရှိမဖြစ် လိုအပ်သည့်ဓာတုဆေးဝါးအချို့ဝယ်ယူရန် အခက်အခဲများ တွေ့ကြုံနေရကြောင်း၊ သို့ဖြစ်၍ မိမိတို့ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရာတွင် ဒေသဝမ်းစာ ဖူလုံရေးအတွက် ဖော်ပြပါ အခက်အခဲများကို ပြေပျောက်စေရန် ငွေကြေးအကူအညီများ လိုအပ်နေပါကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် နမ့်တစ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၄နာရီ ၄၅မိနစ်တွင် လားရှိုးသို့ ရောက်ရှိကြသည်။

ည ၇နာရီတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ရွှေလီရိပ်သာ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (သတင်းစဉ်)

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မိုင်းမောဒေသ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုကြစဉ်။** (မူးယစ်ဗဟို)

# ဂုဏ်ပြု ကျေးဇူးတင်လွှာ

ယမန်နှစ် (၅၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက်အလှူငွေနှင့်ပစ္စည်းများကို စေတနာအလျောက်လှူဒါန်းခဲ့ကြသော အောက်ဖော်ပြပါ တစ်သိန်းနှင့်အထက် အလှူရှင်များအား တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီအနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုလျက် အစည်းအဝေးမှတ်တမ်းတင်ထားရှိပါကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

| စဉ် | အလှူရှင်အမည် | လှူဒါန်းငွေ |
|---|---|---|
| ၁ | [illegible] | ၁၀၀၀၀၀၀ |
| ၂ | [illegible] | ၁၀၀၀၀၀၀ |
| ၃ | [illegible] | ၅၀၀၀၀၀ |
| ၄ | [illegible] | ၅၀၀၀၀၀ |
| ၅ | [illegible] | ၂၀၀၀၀၀ |
| ၆ | [illegible] | ၃၇၅၀၀၀ |
| ၇ | [illegible] | ၁၀၀၀၀၀၀၀ |
| ၈ | Myanmar Ganad Advertising Co., Ltd. မှ Light Box [illegible] | ၃၅၀၀၀၀၀ |
| ၉ | [illegible] | ၃၀၀၀၀၀၀ |
| ၁၀ | Myanmar Mamee-double Decker Ltd.က [illegible] | ၂၂၂၀၀၀၀ |
| ၁၁ | [illegible] Arrow [illegible] Arrow [illegible] | ၂၅၀၀၀၀၀ |
| ၁၂ | [illegible] Trading Co.,Ltd. နှင့် [illegible] | ၂၀၀၀၀၀၀ |
| ၁၃ | [illegible] | ၂၀၀၀၀၀၀ |
| ၁၄ | [illegible] (Jade Land Co.) | ၂၀၀၀၀၀၀ |
| ၁၅ | [illegible] | ၁၈၀၀၀၀၀ |
| ၁၆ | [illegible] | ၁၅၀၀၀၀၀ |
| ၁၇ | [illegible] | ၁၂၀၀၀၀၀ |
| ၁၈ | [illegible] | ၁၀၄၀၀၀၀ |
| ၁၉ | [illegible] (Myanmar Prolux International Co.,Ltd.) Gloma Shoe Polish (၅၀၃၀) | ၁၀၀၀၀၀၀ |
| ၂၀ | [illegible] | ၁၀၀၀၅၀၀ |
| ၂၁ | [illegible] (Ever Winner Co.) | ၁၀၀၀၀၀၀ |
| ၂၂ | [illegible] (K.Y. Kyaw Kyaw Trading Co., Ltd.) | ၁၀၀၀၀၀၀ |
| ၂၃ | [illegible] | ၁၀၀၀၀၀၀ |
| ၂၄ | [illegible] | ၁၀၀၀၀၀၀ |
| ၂၅ | [illegible] | ၉၉၀၀၀၀ |
| ၂၆ | [illegible] | ၉၂၅၀၀၀ |
| ၂၇ | [illegible] | ၈၀၀၀၀၀ |
| ၂၈ | [illegible] | ၈၀၀၀၀၀ |
| ၂၉ | [illegible] | ၇၀၀၀၀၀ |
| ၃၀ | [illegible] | ၆၀၀၀၀၀ |
| ၃၁ | [illegible] | ၅၇၆၀၀၀ |
| ၃၂ | [illegible] | ၅၅၅၀၀၀ |
| ၃၃ | [illegible] | ၅၅၀၀၀၀ |
| ၃၄ | [illegible] | ၅၂၈၆၀၀ |
| ၃၅ | [illegible] (Diamond Dragon Co.,Ltd.) | ၅၀၀၀၀၀ |
| ၃၆ | [illegible] | ၅၀၀၀၀၀ |
| ၃၇ | [illegible] | ၅၀၀၀၀၀ |
| ၃၈ | [illegible] | ၅၀၀၀၀၀ |
| ၃၉ | [illegible] | ၅၀၀၀၀၀ |
| ၄၀ | [illegible] | ၅၀၀၀၀၀ |
| ၄၁ | [illegible] | ၅၀၀၀၀၀ |
| ၄၂ | [illegible] (Seven Sun Rays Co.,Ltd.) | ၅၀၀၀၀၀ |
| ၄၃ | [illegible] | ၅၀၀၀၀၀ |
| ၄၄ | [illegible] | ၅၀၀၀၀၀ |
| ၄၅ | [illegible] | ၅၀၀၀၀၀ |
| ၄၆ | [illegible] | ၅၀၀၀၀၀ |
| ၄၇ | [illegible] | ၅၀၀၀၀၀ |
| ၄၈ | [illegible] | ၅၀၀၀၀၀ |
| ၄၉ | Imperial Jade Co.,Ltd. နှင့် [illegible] | ၅၀၀၀၀၀ |
| ၅၀ | [illegible] | ၅၀၀၀၀၀ |
| ၅၁ | [illegible] | ၅၀၀၀၀၀ |
| ၅၂ | [illegible] | ၅၀၀၀၀၀ |
| ၅၃ | [illegible] | ၄၇၇၆၅၀ |
| ၅၄ | [illegible] | ၄၀၀၀၀၀ |
| ၅၅ | [illegible] | ၃၆၀၀၀၀ |
| ၅၆ | [illegible] | ၃၀၀၀၀၀ |
| ၅၇ | [illegible] Rothman of Pall Myanmar Co., Ltd. | ၃၀၀၀၀၀ |
| ၅၈ | [illegible] | ၃၀၀၀၀၀ |
| ၅၉ | Myanmar Posco Steel Co., Ltd. | ၃၀၀၀၀၀ |
| ၆၀ | [illegible] | ၃၀၀၀၀၀ |
| ၆၁ | Looking Forward Co. Ltd [illegible] | ၃၀၀၀၀၀ |
| ၆၂ | [illegible] | ၃၀၀၀၀၀ |
| ၆၃ | Myanmar Winery and Distillery Co. | ၃၀၀၀၀၀ |
| ၆၄ | [illegible] | ၃၀၀၀၀၀ |
| ၆၅ | [illegible] | ၃၀၀၀၀၀ |
| ၆၆ | [illegible] | ၂၅၀၀၀၀ |
| ၆၇ | [illegible] | ၂၀၀၀၀၀ |
| ၆၈ | [illegible] | ၂၀၀၀၀၀ |
| ၆၉ | [illegible] | ၂၀၀၀၀၀ |
| ၇၀ | [illegible] | ၂၀၀၀၀၀ |
| ၇၁ | [illegible] | ၂၀၀၀၀၀ |
| ၇၂ | [illegible] | ၂၀၀၀၀၀ |
| ၇၃ | [illegible] | ၂၀၀၀၀၀ |
| ၇၄ | [illegible] | ၂၀၀၀၀၀ |
| ၇၅ | [illegible] | ၂၀၀၀၀၀ |
| ၇၆ | [illegible] | ၂၀၀၀၀၀ |
| ၇၇ | [illegible] | ၂၀၀၀၀၀ |
| ၇၈ | [illegible] | ၂၀၀၀၀၀ |
| ၇၉ | [illegible] | ၂၀၀၀၀၀ |
| ၈၀ | [illegible] | ၂၀၀၀၀၀ |
| ၈၁ | [illegible] (Eastern State Co., Ltd.) | ၂၀၀၀၀၀ |
| ၈၂ | [illegible] | ၂၀၀၀၀၀ |
| ၈၃ | [illegible] (First Top Co., Ltd.) | ၂၀၀၀၀၀ |
| ၈၄ | [illegible] | ၂၀၀၀၀၀ |
| ၈၅ | [illegible] | ၂၀၀၀၀၀ |
| ၈၆ | [illegible] (City Mate Co., Ltd.) | ၂၀၀၀၀၀ |
| ၈၇ | [illegible] | ၂၀၀၀၀၀ |
| ၈၈ | [illegible] | ၂၀၀၀၀၀ |
| ၈၉ | [illegible] | ၂၀၀၀၀၀ |
| ၉၀ | [illegible] | ၂၀၀၀၀၀ |
| ၉၁ | [illegible] (Myanmar Motors International. PVT Ltd.)က [illegible] | ၂၀၀၀၀၀ |
| ၉၂ | [illegible] (Net Work Marketing Co., Ltd.) | ၂၀၀၀၀၀ |
| ၉၃ | [illegible] | ၂၀၀၀၀၀ |
| ၉၄ | [illegible] | ၁၈၀၀၀၀ |
| ၉၅ | [illegible] | ၁၆၇၀၀၀ |
| ၉၆ | [illegible] | ၁၆၇၅၀၀ |
| ၉၇ | (The First Automotive ISUZU Co., Ltd.) | ၁၅၀၀၀၀ |
| ၉၈ | [illegible] | ၁၅၀၀၀၀ |
| ၉၉ | [illegible] | ၁၅၀၀၀၀ |
| ၁၀၀ | [illegible] | ၁၅၀၀၀၀ |
| ၁၀၁ | [illegible] | ၁၅၀၀၀၀ |
| ၁၀၂ | [illegible] | ၁၃၄၅၅၀ |
| ၁၀၃ | [illegible] (Before You Co.) [illegible] | ၁၀၄၅၀၀ |
| ၁၀၄ | [illegible] (GM-Main Chain Enterprise) | ၁၀၀၀၀၀ |
| ၁၀၅ | [illegible] | ၁၀၀၀၀၀ |
| ၁၀၆ | [illegible] | ၁၀၀၉၀၀ |
| ၁၀၇ | [illegible] | ၁၀၀၀၀၀ |
| ၁၀၈ | [illegible] | ၁၀၀၀၀၀ |
| ၁၀၉ | [illegible] | ၁၀၀၀၀၀ |
| ၁၁၀ | [illegible] | ၁၀၀၀၀၀ |
| ၁၁၁ | [illegible] | ၁၀၀၀၀၀ |
| ၁၁၂ | [illegible] | ၁၀၀၀၀၀ |
| ၁၁၃ | [illegible] | ၁၀၀၀၀၀ |
| ၁၁၄ | [illegible] | ၁၀၀၀၀၀ |
| ၁၁၅ | [illegible] | ၁၀၀၀၀၀ |
| ၁၁၆ | [illegible] | ၁၀၀၀၀၀ |
| ၁၁၇ | [illegible] | ၁၀၀၀၀၀ |
| ၁၁၈ | [illegible] | ၁၀၀၀၀၀ |
| ၁၁၉ | [illegible] | ၁၀၀၀၀၀ |
| ၁၂၀ | Myanmar Segye International Ltd. [illegible] | ၁၀၀၀၀၀ |
| ၁၂၁ | [illegible] | ၁၀၀၀၀၀ |
| ၁၂၂ | [illegible] | ၁၀၀၀၀၀ |
| ၁၂၃ | [illegible] | ၁၀၀၀၀၀ |
| ၁၂၄ | [illegible] | ၁၀၀၀၀၀ |
| ၁၂၅ | [illegible] | ၁၀၀၀၀၀ |
| ၁၂၆ | [illegible] | ၁၀၀၀၀၀ |
| ၁၂၇ | [illegible] | ၁၀၀၀၀၀ |
| ၁၂၈ | [illegible] | ၁၀၀၀၀၀ |
| ၁၂၉ | [illegible] | ၁၀၀၀၀၀ |
| ၁၃၀ | [illegible] | ၁၀၀၀၀၀ |
| ၁၃၁ | [illegible] | ၁၀၀၀၀၀ |
| ၁၃၂ | [illegible] | ၁၀၀၀၀၀ |
| ၁၃၃ | [illegible] | ၁၀၀၀၀၀ |
| ၁၃၄ | [illegible] | ၁၀၀၀၀၀ |
| ၁၃၅ | [illegible] (Royal [illegible]) | ၁၀၀၀၀၀ |
| ၁၃၆ | [illegible] (Young Sisters Co.Ltd and Pioneer Fashion) | ၁၀၀၀၀၀ |
| ၁၃၇ | [illegible] | ၁၀၀၀၀၀ |
| ၁၃၈ | [illegible] | ၁၀၀၀၀၀ |
| ၁၃၉ | [illegible] | ၁၀၀၀၀၀ |
| ၁၄၀ | [illegible] | ၁၀၀၀၀၀ |
| ၁၄၁ | [illegible] | ၁၀၀၀၀၀ |
| ၁၄၂ | [illegible] | ၁၀၀၀၀၀ |
| ၁၄၃ | [illegible] (Super Top Co.) [illegible] | ၁၀၀၀၀၀ |
| ၁၄၄ | [illegible] | ၁၀၀၀၀၀ |
| ၁၄၅ | [illegible] | ၁၀၀၀၀၀ |
| ၁၄၆ | [illegible] | ၁၀၀၀၀၀ |
| ၁၄၇ | [illegible] | ၁၀၀၀၀၀ |
| ၁၄၈ | [illegible] | ၁၀၀၅၀၀ |
| ၁၄၉ | [illegible] | ၁၀၀၀၀၀ |
| ၁၅၀ | [illegible] | ၁၀၀၀၀၀ |

(၅၈)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ

# မိုးညှင်းမြို့နယ် စက်မှုသိပ္ပံကျောင်းလမ်းသစ်ဖွင့်

**မိုးညှင်း ဇန်နဝါရီ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ပြီးစီးခဲ့သော စက်မှုလက်မှုသိပ္ပံ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က အဆိုပါလမ်းထိပ် မုခ်ဦးရှေ့၌ ကျင်းပသည်။

**— ရှင်းလင်းတင်ပြ —**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုရဲမှူးအေးငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆိုပါကျောက်ချောလမ်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးအေးငွေနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

အဆိုပါ ကျောက်ချောလမ်းသည် အရှည်ပေ ၂၄၇၀ လမ်းအကျယ် ၁၂ပေရှိပြီး ၁၆ ပေ၊ လေးပေ အုတ်ခုံခံ သစ်သား တံတား တစ်စင်းအပါအဝင် ငွေကျပ်စုစုပေါင်း ၄၆၆၈၀၀၀ ကို နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် သုံးစွဲကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

# ကျေးလက် ရေပေးရေးလုပ်ငန်း စစ်ဆေး

**ပြင်ဦးလွင် ဇန်နဝါရီ ၂၆**

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဇန်နဝါရီ ၂၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမင်းသန့်နှင့် အင်ဂျင်နီယာများသည် ဖောင်းတော ကျေးရွာ၊ ကျွဲနွားထောက်ကျေးရွာ၊ ရေခြံစုကျေးရွာ၊ တိုးကြီးကုန်းကျေးရွာများသို့ သွားရောက်ကာ ကျေးလက်ရေပေးရေး လုပ်ငန်းများဖြစ်သည့် အုတ်ရေကန်များပြုလုပ်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းပေးခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ပြင်ဦးလွင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ကျေးရွာပေါင်း ၃၇ ရွာအား ကျပ်သိန်းနှစ်ရာ့လေးဆယ် အကုန်ကျခံကာ ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

# မြောင်းမြမြို့နယ် ဒရယ်ပေါက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး တံတားကြည့်ရှုစစ်ဆေး

**မြောင်းမြ ဇန်နဝါရီ ၂၆**

မြောင်းမြခရိုင် မြောင်းမြမြို့နယ် ဒရယ်ပေါက်ကျေးရွာတွင် ဆရာတော် ဘဒ္ဒန္တ ကုန္ဒက ဦးစီး၍ အလှူရှင်များက စုပေါင်းလျက် ဆောက်လုပ်ထားသော ဒရယ်ပေါက်တံတားကို ဇန်နဝါရီ ၂၃ ရက်က နယ်စပ်ဒေသ စည်ပင်သာယာရေးအဖွဲ့ ဧရာဝတီတိုင်း ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွင့်ဝင်းတို့က စစ်ဆေးကြည့်ရှုသည်။ **(ယာပုံ)**

အဆိုပါ ဒရယ်ပေါက်တံတားမှာ ကွန်ကရစ်အမျိုးအစား ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော တံတားဖြစ်သည်။ အရှည်ပေ ၁၁၀၊ အကျယ် ၁၅ ပေရှိ၍ ကုန်ကျငွေ စုစုပေါင်း ကျပ်သိန်း ၂၇၀ ဖြစ်ကြောင်း သိရသည်။ **(၅၃၇)**

# လိုင်စင်များ ဈေးပြိုင်လေလံတင်

**ဝက်လက် ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ တိုင်းညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွက် လေလံတင်ရောင်းချရာ လိုင်စင် ၃၄ ခုမှ လေလံတင်ရောင်းချရငွေကျပ် ၁၇၃ သိန်းရရှိကြောင်း သိရသည်။ **(၂၃၀)**

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာကြည့်တိုက် ရေရှည်တည်တံ့ရန် မှာကြား

**အမရပူရ ဇန်နဝါရီ ၂၅**

အမရပူရမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အမရပူရမြို့နယ် မိကျောင်းတက် အခြေခံပညာ မူလတန်းကျောင်းတွင် ဇန်နဝါရီ ၁၉ ရက်က ကျင်းပသည်။

**မှာကြား**

အခမ်းအနားတွင် မြို့နယ် အတွင်းရေးမှူး ဦးအောင်လွင်က အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် စာကြည့်တိုက် ရေရှည်တည်တံ့ရန် ဆောင်ရွက်ရေး မှာကြားသည်။

**ကြည့်ရှု**

အခမ်းအနားကို မြို့နယ် အတွင်းရေးမှူး ဦးအောင်လွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ငွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး(ဝဲပုံ) တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(မြို့နယ်ပြန်/ဆက်)**

# မြို့နယ်သတင်းများ

**လှိုင်သာယာမြို့နယ် အမှတ်(၃)အခြေခံပညာ အ ထက် တန်းကျောင်း ၂၀၀၃-၂၀၀၄ခုနှစ်ပညာရေး စုံညီပွဲတော်နှင့်နှစ်ပတ်လည် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၅ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တစ်ကျောင်းလုံးတွင် ထူးခြားထက်မြက်ဆုရ နဝမတန်း(က)မှ ကျောင်းသူ မစုပုံချစ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှေ့တီလ်က ဆုချီးမြှင့်စဉ်။** (က-ပ)

# မကွေးမြို့တွင် မီးဘေးကာကွယ်ရေးဆွေးနွေး

**မကွေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်သည် ဇန်နဝါရီ၁၇ ရက် နံနက်က မကွေးမြို့ မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ခန်းမတွင် မကွေးမြို့ မီးသတ်တပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ခွဲမှူးများ၊ တပ်စုမှူးများ၊ မကွေးမြို့ပေါ်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မီးသတ်စက်နှင့် ယာဉ်များကောင်းမွန်ရေးလုပ်ငန်းများ၊ ရေအလုံအလောက်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍မကွေးမြို့နယ်မီးသတ် ဦးစီးမှူး ဦးစောလွင်မြင့်က မီးဘေးကြိုတင်ကာကွယ်ထားရှိမှုနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်း မြေပုံလေ့ကျင့်ခန်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ **(၉၉)**

# မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

**ခင်ဦး ဇန်နဝါရီ ၂၀**

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံ ဦးစန်းဦးက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်ပြန်/ဆက်)**

# ကြက်မောက်တောင်ဆည်ရေသောက်ဒေသ တောင်သူများသို့ လက်တွန်းထွန်စက် ရောင်းချပေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၅**

စက်မှုလယ်ယာဦးစီးဌာနထုတ် လယ်ယာ(၁၆) လက်တွန်းထွန်စက်များ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စုဆောင်းငွေဖြင့် ရောင်းချပေးအပ်ပွဲကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၈၂) ထွန်စက်စခန်းတွင် ဇန်နဝါရီ ၁၉ရက် နံနက်က ကျင်းပရာ ထွန်စက်စခန်း ဦးစီးအရာရှိ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများ ကြက်မောက်တောင်ဆည်ရေသောက်ဒေသ သရက်တောကျေးရွာအုပ်စု စီးကန်ရွာမှ တောင်သူများ တက်ရောက်ကြသည်။

**ပေးအပ်**

ရောင်းချပွဲတွင် ထွန်စက်စခန်းဦးစီးအရာရှိက လယ်ယာ(၁၆) လက်တွန်းထွန်စက်များ ဝယ်ယူအသုံးပြုသည့် တောင်သူကြီးများအား စက်စွမ်းရည်နှင့် စက်အသုံးပြုပုံတို့အား ရှင်းလင်းပြောကြားပြီး သရက်တောကျေးရွာအုပ်စုမှ ဝယ်ယူကြသော တောင်သူများသို့ လက်တွန်းထွန်စက်ခြောက်စီးကို စက်နှင့်ပတ်သက်သော ပစ္စည်းများနှင့် စာရွက်စာတမ်းများအား တစ်ဦးချင်းပေးအပ်လိုက်သည်။ **(၁၉၂)**

**ဇန်နဝါရီ ၁၇ ရက်က ပေါင်မြို့နယ် ထန်းပင်ချောင်ကြီး-သပြေကုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းနေမှုကိုပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းကြည်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (၂၅၅)



## (၁၃)ကြိမ်မြောက် နွေရာသီ ယမိုက်+ပဌာန်း အထူးသင်တန်း

**ရန်ကုန် ဇန်နဝါရီ ၂၈**

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၌ (၁၃)ကြိမ်မြောက် နွေရာသီ ယမိုက်+ပဌာန်းအထူးသင်တန်းကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၆ ရက်၊ (စနေနေ့)မှ နယုန်လဆန်း ၁၁ ရက် (စနေနေ့)အထိ နှစ်စဉ်နှစ်တိုင်းကဲ့သို့ ကျင်းပသွားမည် ဖြစ်သည်။

သင်တန်း တက်ရောက်လိုသော သံဃာတော်များသည် ယခုအချိန်မှစ၍ စာရင်းပေးသွင်းနိုင်ကြပြီး ကဆုန်လဆန်း ၅ရက်အရောက် ကြွရောက်ကြရမည်။ သာသနာ့ဝင်မှတ်တမ်း (သို့မဟုတ်) ခိုင်လုံသောထောက်ခံစာ တစ်ပါတည်း ယူဆောင်လာရမည်။

အထူးနက်နဲခက်ခဲလှသည့် အဘိဓမ္မာဆိုင်ရာယမိုက်+ပဌာန်းကျမ်းဂန်များကို လေ့လာသင်ကြားနည်းယူရန် ကြွရောက်လာကြကုန်သော တိုင်းနှင့်ပြည်နယ် အသီးသီးမှ စာချ၊ စာသင်၊ ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား အထက်ဖော်ပြပါ ရက်များအတွင်း နံနက်ဆွမ်း၊ နေ့ဆွမ်း၊ အအေးနှင့် သင်တန်းသုံးစာအုပ်များကို မိမိအင်အား အလျောက် သင်တန်းဖြစ်မြောက်ရေး ကော်မတီ ဖုန်း-၆၄၀၀၇၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ရုပ်ရှင်မဂ္ဂဇင်း

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထုတ်ဝေသော ဖေဖော်ဝါရီလထုတ် ရုပ်ရှင်မဂ္ဂဇင်းကို လာဘ်မိုးဇွေ စာပေ ၃၃ လမ်းက ဖြန့်ချိလိုက်သည်။

ရုပ်ရှင်၊ ဗီဒီယို ပြည်တွင်းပြည်ပ ဆောင်းပါးများ၊ ကာတွန်း၊ကဗျာ၊ ဝတ္ထုများ၊ ရုပ်ရှင်အကြောင်း သိမှတ်စရာများ ဖော်ပြထားသည်။**(အပေါ်ပုံ)** (က-ပ)

## ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၈**

KMD Co., Ltd. မှတစ်ဆင့် Philips Monitorများကို ဝယ်ယူသုံးစွဲ ပြန်လည်ဖြန့်ဖြူးပေးနေကြသော Dealer များအား Redemption လက်ဆောင် ချီးမြှင့်ပွဲကို ၂၀၀၃ခုနှစ်ဇန်နဝါရီ၂၃ရက်က မြန်မာသတင်းအချက်အလက်နှင့် နည်းပညာအဆောက်အအုံ၌ ကျင်းပသည်။

၎င်း Redemption အစီအစဉ်သည် KMD မှ Philips Mointerများကို ဝယ်ယူပြီး End-Userများထံ ပြန်လည်ရောင်းချပေးကြသော Dealer များမှ ဝယ်ယူသည့် ပစ္စည်းအမျိုးအစားနှင့် အရေအတွက်ကို Point System သတ်မှတ်ပြီး သုံးလတစ်ကြိမ် ဝယ်ယူအားပေးသည့် အကောင်းဆုံး Dealer များအား ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ချီးမြှင့်ပေးခြင်းဖြစ်သည်။

အခမ်းအနားတွင် KMD၏ ဒါရိုက်တာ ဒေါ်တင်တင်အေးက Philips Monitorများကို အများဆုံးဖြန့်ဖြူးပေးကြသော Micor Computer, CTT Computer, Myanmar Compu Mart, Digit Tech, Pace, Discovery Digital Mart, Winner Computer Group တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။လက်ဆောင်ပစ္စည်းများမှာစက်ဘီး၊ Wireless Headsetများ၊ Speaker များတို့ဖြစ်သည်။

KMD Co., Ltd မှနေ၍နှင့် Monitorများကို အကောင်းဆုံးဝန်ဆောင်မှု၊ အချိုသာဆုံး ဈေးနှုန်းဖြင့် ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်ရာ ဝယ်ယူလိုသူများ KMD အရောင်းပြခန်း(ရုံးချုပ်) အမှတ်(၅၅၀-၅၅၂)၊ ၃၆ လမ်းနှင့် ကုန်သည်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

## ဆုချီးမြှင့်

ဇန်နဝါရီ ၁၈ရက်က မင်္ဂလာဒုံမြို့နယ် ၂(က)စံပြရပ်ကွက် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတွင် သုံးနှစ်ဆက်တိုက် ပထမဆုရကျောင်းသူ မသက်ပန်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်း ဆုချီးမြှင့်စဉ်။ (က-ပ)

## ပဲခူးကျောင်းတိုက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပဌာန်းပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၈**

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် (၁၁၀)လမ်း ပဲခူးကျောင်းတိုက်အတွင်းရှိ အောင်ပြည်ငြိမ်းအေးစေတီတော်မြတ်အား သတ္တမအကြိမ်မြောက် ပူဇော်ပွဲများ ကျင်းပမည် ဖြစ်သည်။

သို့ဖြစ်ရာ ၃၀-၁-၂၀၀၄ မှ ၃-၂-၂၀၀၄အထိ အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ၄-၂-၂၀၀၄ မှ ၅-၂-၂၀၀၄ ရက်အထိ ညများတွင် ဆီမီးသုံးထောင်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ထမနဲပွဲတို့ကို ကျင်းပပူဇော်မည်ဖြစ်သည်။ (က-ပ)

## သဒ္ဒါ၊ အရေးနှင့်အပြောသင်တန်းများဖွင့်ပြီ

**ရန်ကုန် ဇန်နဝါရီ ၂၈**

ပြည်ပတက္ကသိုလ်ကောလိပ်၊ ပေါ်လီများသို့ တက်လိုသူများ၊ UN Agencies, Foreign Companies & Embassiesများသို့ ဝင်ရောက်လိုသူများအတွက် ၃၃ လမ်း(အထက်) ဝဇီရာရုပ်ရှင်ရုံအေး အခန်း-၂(ဘီ) ဖုန်း-၅၈၄၉၉၇ နှင့် ဝ၉၅ဝ-၁၅ဝ၁၆တွင် ဆရာဦးဝင်းကြည်မောင်သည် Survival English Courses များကို ဖွင့်လှစ်ပို့ချလျက်ရှိသည်။

**ဆက်သွယ်နိုင်**

အကြောင်း အမျိုးမျိုးကြောင့် သင်တန်းလာရောက် မတက်ရောက်နိုင်သည့် ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များသည် သီးသန့်သင်ယူနိုင်ရေးအတွက် ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

## Internet Security & Surfing စာအုပ်ထုတ်ဝေ

**ရန်ကုန် ဇန်နဝါရီ ၂၇**

Internet User များအားလုံးကို စိုးရိမ်သောကကင်းပြီး လွယ်ကူမြန်ဆန်စွာ အသုံးပြုနိုင်မည့် Internet Security and Surfing စာအုပ်ကို မျက်ပွင့်စာပေ ၃၆၇ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၀၅၇၉ ကထုတ်ဝေသည်။ **(ယာပုံ)** (က-ပ)





## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား

### ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

1. M.S Plate, Angle, Round Bar, Channel
2. Paint
3. Electrode, Grinding Wheel
4. Bolt, Nut, Washer, Rivet
5. GI Pipe & Pipe Connection
6. Spare Parts for Engine, Transmission, Cooling(Hino-HO7C)
7. Spare Parts for Coach & Wagon
8. Compressor motor for Aircondition
9. Electrical Equipment

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၁-၂-၂၀၀၄(၁၂:၀၀)နာရီ
**ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်**- ၁၁-၂-၂၀၀၄(၁၄:၀၀)နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၉-၁-၂၀၀၄နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**☎-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၀၄၊ ၆၁၃။**

## 'မိုး' အဆင့်မြင့်စက်ချုပ်သင်တန်း

- * အချိန်တိုအတွင်း ကျွမ်းကျင်စွာချုပ်နိုင်၊ ညှပ်နိုင်သည်အထိ တာဝန်ယူပြီး တစ်ဦးချင်းသင်ကြားပေးသည်။
- * နယ်မှတက်ရောက်လိုသည့်သင်တန်းသူများအတွက် အဆင်ပြေစေရန်စီစဉ်ပေးသည်။
- * လူဦးရေကန့်သတ်ထားသည်။
- * **သင်တန်းစမည့်နေ့** - ဖေဖော်ဝါရီ(၁၀)ရက်

**စုံစမ်းရန်-**
**Ph: 538083, 724480**
**H.P 09 50 18495**
**F-8 ရွှေသရဖီရိပ်မွန်၊ ရွှေသရဖီလမ်း၊ ဘုရင့်နောင်လမ်းမ၊ ကမာရွတ်မြို့နယ်။**




## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဏ/၁၉၆၇ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်သူ [၁၁/သတန(နိုင်)၀၄၆၅၁၈]မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၃၀)အတွင်း (ကညန) အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **(ကညန-အရှေ့ပိုင်းခရိုင်ရုံး)**

## လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရွှေတောင်မြို့နေ
ဦးခင်မောင်ဌေး(ကျား၊ကမ္ဘာအထည်စက်၊ အောင်ချမ်းသာဆန်စက်)–
ဒေါ်သန်းသန်းဝင်းတို့၏သားငယ်

**မောင်ကျော်ကျော်ဌေး Final Year**
**B.E(Civil), P.T.U**
**နှင့်**

ရန်ကုန်မြို့နေ
ဦးမြတ်သူ(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန)–ဒေါ်ခင်ဆွေဝင်း(ဒု–ညွှန်ကြားရေးမှူး၊ ပြည်ပသင်တန်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန)တို့၏ တစ်ဦးတည်းသောသမီး

**ဒေါက်တာခင်သီတာဦး M.B.,B.S°(Ygn)**

**တာဝန်ခံဆရာဝန်**
**(ရွှေတောင်အဆင့်မြင့်ချည်မျှင်နှင့်အထည်စက်ရုံ)**

တို့၏ ၁၇–၁–၂၀၀၄နေ့တွင် ရွှေတောင်မြို့၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲနှင့် ၂၄–၁–၂၀၀၄နေ့တွင် Panda Hotel၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်အားပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဧည့်သည်တော်များ၊ အမှတ်(၂) စစ်ဒေသမှူးနှင့် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၏ဇနီး Dr.ဒေါ်သီသီအေး၊ မင်္ဂလာစိန်လက်စွပ် ဆင်မြန်းပေးသော ဦးမောင်မောင်ဟန် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်ရီ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော WARRIORSနှင့်အဖွဲ့၊ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာဓာတ်ပုံမှတ်တမ်းတင် ရိုက်ကူးပေးသော မင်းမင်းဟန် (ရွှေအိမ်သည်)၊ ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ Panda Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ကျော်ဌေး – Dr.ခင်သီတာဦး။**

# VACANCIES

## (For Local Service only)

One of the leading medical & engineering company in Yangon is expanding and we are looking for self-motivated & experienced candidates in related fields & team work playing.

**1. Medical Representative** **2 Posts (M/F)**
- M.B.,B.S (Age-25-35)

**2. Sales Representative** **4 Posts (M/F)**
- B.P.Sc, B.Sc (Physics, Chemistry)
- Age (25-35)

**3. Accountant** **2 Posts (F)**
- C.P.A, B.Com, D.A (Age-28-38)

Interested candidates should submit CV, Labour Registration card, with recent photo, references and other certificates to the following address within 2 weeks of this advertisement date.

**Concordia Int'l Ltd.**
**5th Floor, Shwe Gon Plaza, Shwe Gon Dine Junction, Kaba Aye Pagoda Road, Bahan, Yangon, Myanmar. Ph:544199, 558386.**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ (၂-၂-၂၀၀၄)နေ့တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

**အခြေစိုက်အလုပ်ရုံအမှတ်(၂)**
၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း
၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း

**အခြေစိုက်အလုပ်ရုံအမှတ်(၁)**
၁။ တွင်ခုံ/ဖောက်ခုံသင်တန်း
၂။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း
၃။ အခြေခံလျှပ်စစ်သံဂဟေဆက်နှင့် ဓာတ်ငွေ့ဂဟေဆက်သင်တန်း
၄။ ခေတ်မီမော်တော်ယာဉ်ငယ်များ၏ လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်ခြင်းသင်တန်း
၅။ အဆင့်မြင့် ဓာတ်ငွေ့ဂဟေဆက်သင်တန်း(လျှပ်စစ်ဂဟေဆက်၊ ဓာတ်ငွေ့ဂဟေဆက်၊ Tig နှင့် Mig ဂဟေဆက်)
၆။ အခြေခံလေအေးပေးစက် ပြုပြင်ထိန်းသိမ်းမှုသင်တန်း

**တည်နေရာ**
ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံ အမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။ (မဟာဗန္ဓုလတံတားအနီး)
**တယ်လီဖုန်း:–၀၁–၂၉၁၃၁၃၊ ၀၁–၂၉၁၃၁၄၊ ၇၂၆၅၇၂(ရုံးချိန်အတွင်းသာ)။**

## ရောင်းမည် (လျှော့ဈေး)



## အမည်ပြောင်းခြင်း

ဦးကြည်သောင်း၏သား ကိုသန်းဦး[၁၂/ပဇတ (နိုင်) ၀၀၉၃၀၈]ကို ကိုသန်းထွန်းဟုလည်းကောင်း၊ ဦးသန်းထွန်း၏သား မောင်ကျော်သန်းဦး IV B အထက–၂၊ (ဗိုလ်တထောင်)ကို မောင်ကောင်းခန့်ကျော်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**ကိုသန်းထွန်း**
**မောင်ကောင်းခန့်ကျော်။**

## အမည်ပြောင်းခြင်း

အဖ ဦးသိန်းအောင်၏သား အထက(၅) ဗိုလ်တထောင် IC မှ မောင်နေမျိုးသိန်းအား မောင်မျိုးသိန်း၊ ဒေါ်လှလှမူကြိုမှ မောင်နေမျိုးကျော်အား မောင်မျိုးကျော်ဟုလည်းကောင်း၊ ပြောင်းလဲခေါ်ဆိုပါရန်။



**SKY လျှပ်စစ်သင်တန်း**

SKY TRAINING CENTRE

FLY WITH SKY

**' Myanmar ICT week 2004 '**

ရက်တိုးထားတဲ့အတွက်....

**MCC ၏ 50% OFF**

လည်း ရှိသေးတယ်ဆိုတာ မမေ့နေနဲ့.....

31-01-04 အထိသာ

**'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'**

Must, All Adults, Be Able to Drive

**OD Tour**

Jan.29 (Flight) / Feb11,28 (Boat)

Feb 12,27,28

Feb 8,12,27,28

Feb 16

Jan.30 Feb 6,13

Feb 11,13,27

Feb 28

OD Style

**TOP** ☎ 243363 705877

**AZ**

**GoodNews**

IT MICT

MK MEDIA

Feb-11 Feb-12 Feb-12 Feb-22 (Air Line) ☎ 5104931

**B မှ C သို့ နှင့် နိုင်ငံခြား** (B.A) CT,Med (Ygn)

No.13b Ph: 540742

☎ 377491

**RUBY CarRental** 725317, 650823

24, hr

☎ 01-375822

**ယာဉ်ထိုးနှာ** Ph: 526722

**Yan Aung**

**SUPER CAR RENTAL** 249301, 0980 21601

☎ 709977, 380183




## ရွှေဖြူရောင်၊ ရွှေရောင်

**ရတနာ အရောင်တင်-ဆေးရည်ရရှိနိုင်ပါသည်**

**လိပ်စာ** - အမှတ်-၆၄၁၊ အခန်း(၂၀၃)၊ ရွှေဘုံသာလမ်းနှင့်၂၉လမ်းကြား၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း** - ၂၅၃၇၃၄၊ ၂၅၄၅၂၃။

## Honey Moon Car Rental

မြို့တွင်း/ပြင်လချုပ် Saloon, Pick up, wagon, minibus ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

**Ph:095018867,287129,240832.**

## ကိုလှုံဝင်ကျွင် (ခ) အေဒရီယန်လျောင်းနှင့် အများသိစေရန်

## ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပဒေသာပင်မြို့တော်၊ FMI City ပဒေသာပင်လမ်းမကြီး၊ အမှတ် L-7နေ ဦးလှုံဝင်ကျွင် (ခ) အေဒရီယန်လျောင်း၏ ၉-၁-၂၀၀၄နေ့ ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ပါ ကြေညာချက်သည် အဖြစ်မှန်ကို ဖုံးကွယ်လျက် မမှန်မကန် ကြေညာခြင်းသာ ဖြစ်ပါသည်။

၂၀-၇-၂၀၀၃နေ့တွင် လင်မယားစကားများကြ၍ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ၎င်းမိဘနေအိမ်မှ ကျွန်မထွက်ခဲ့ခြင်းဖြစ်ပါသည်။ ကလေးနှစ်ဦးအား ကျွန်မနှင့်အတူ တစ်ပါတည်းခေါ်ယူသော်လည်း ခေါ်ယူခွင့်မပေးခဲ့ပါ။

ကျွန်မတို့မိသားစု သားနှစ်ဦးနှင့်အတူ နေထိုင်ရန်အတွက် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ သစ်ခွဥယျာဉ် (FMI City)၊ ဘန်ဒါလမ်း OG-12ရှိ အိမ်အား ကျွန်မ၏ခင်ပွန်း ပြန်လည်ပြင်ဆင်ပြီးသည့်အချိန်အထိ စောင့်ဆိုင်းနေခြင်းဖြစ်ပြီး ကျွန်မခင်ပွန်းနှင့်ကျွန်မသည် အမြဲတမ်းဆက်သွယ်သွားလာလျက်ရှိပြီး လင်ခန်းမယားခန်း လုံးဝပြတ်စဲခြင်းမရှိကြောင်း ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

**ကျန်ကျွင်းကျွင်း (ခ) မပြုံး (ခ) မယမင်း**

**[၉/မမန (နိုင်) ၀၀၃၁၃၉]**

**အမှတ်(၆၈)၊ အကွက်အမှတ်(၂)၊ ဟော်ကုန်း၊ ပြင်ဦးလွင်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း

မုံရွာမြို့ ဆရာကြီး ဦးသာဌေး(စာရေးဆရာအောင်သာစံ)၏ ဇနီး ဆရာမ ဒေါ်တင့်တင့်ထွန်း(၆၃)နှစ်သည် ၂၃-၁-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြရပါသည်။

**ချင်းတွင်းဦးချစ်၊ ဦးထွန်းရှိ၊ ဦးအံ့မောင်၊ ဦးသိန်းဖေ၊ ဦးစန်းမောင်၊ ဦးမောင်မောင်ဦး၊ ဦးအောင်ခင်၊ ဦးကျော်မြင့်၊ ဦးဝင်းမောင်နှင့် မိတ်ဆွေများ။**

## သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | လိပ်စာ | လျှောက်ထားသည့် မြို့နယ် | မြေတိုင်း | မြေတွက် | မြေအမည်ပေါက် | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်မြင့်ရွှင် | ၁၄/ဘကလ(နိုင်)၀၃၆၄၇၂ | ဂ၀၃၊ ၃၄ရပ်ကွက်၊ ဒဂုံမြောက်၊ | ဒဂုံမြောက် | ၃၄ | ဂ၀၃ | ဦးကျော်ဟန် | မြေပုံကူး |
| ၂။ | ဒေါ်စန်းစန်းမြင့် | ၁၃/ကတန(နိုင်)၀၁၀၀၃၄ | ၂ဂ၆/က၊ ကျိုက္ကဆံလမ်း၊ | တာမွေ | ၄A ၉၁ | ၁၆A | ဒေါ်အေးမြင့် | အမည်ပြောင်း |
| ၃။ | ထင်ကျော်မျိုး(ခ)မောင်အောင်ထင် | ၁၂/အစတန(ဧည့်)၀၀၀၀၇၅ | ၅၅၊ ဒုတိယလမ်း၊ အဝ | ဒဂုံတောင် | ၅၅ | ၁၂၆၂ | ဒေါ်မြင့်မြင့် | ဂရန်သစ် |
| ၄။ | ဦးဝင်းနိုင် | ၁၂/ပဘတ(နိုင်)၀၂ဂ၆ဂ | ၁၃၇၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ | ဒဂုံမြောက် | ၃၂ တိုးချဲ့ | ၁၇၂ | ဗိုလ်ကြီးရွှေနိုင်ဝင်း | ဂရန်သစ် |
| ၅။ | ဦးစိန်ချစ် | ၁၂/ရကန(နိုင်)၀၂၅၀၇၃ | ၁၉၊ သုခဝတီလမ်း၊ ရန်ကင်း၊ | ဒဂုံ(ဆိပ်ကမ်း) | ဂ၄ | ၁၄၂ | ဒေါ်တိုး | ဂရန်သစ် |
| ၆။ | ဒေါ်လှလှဝင်း | ၁၂/မဂတ(နိုင်)၀၄၆၆ဂ | ၃၊ ၉၄လမ်း၊ မင်္ဂလာတောင်ညွန့် | မင်္ဂလာတောင်ညွန့် | ၁၂K | V-၁၂၀-A | ဦးလှခိုင် + ၁ | ဂရန်ခွဲ |
| ၇။ | ဦးညွန့်မြိုင် | TTE - ၀၃၃၅၈၂ | ၁၃၉ ၊ (၃) ရပ်ကွက် ၊ ဒဂုံအရှေ့ | ဒဂုံအရှေ့ | ၃ | ၁၃၉ | ဦးညွန့်မြိုင် | ဂရန်ခွဲ |
| ၈။ | ဒေါ်မြမြ | ၁၂/တမန(နိုင်)၀၃၂ဂ၃၅ | (၃၄)၊ ကျောက်မြောင်းဈေးလမ်း၊ တာမွေ | ဒဂုံမြောက် | ၃၄ တိုးချဲ့ | A၃၀ | ဦးသက်လွင် | အမည်ပြောင်း |
| ၉။ | ဒေါ်တင်သီတာစိုး | ၁၂/ဗဟန(နိုင်)၀၄၃၇၉၄ | (၁၁)၊ ဗိုလ်ညွှန့်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်း | ဒဂုံအရှေ့ | ဂ | ဂ၀၆/က | ဦးသောင်းမြင့် | ဂရန်သစ် |
| ၁၀။ | ဦးစိုးဟန် | ၅/အတန(နိုင်) ၀၅၃၄၁၃ | (၄)၊ ပြည်တော်စုလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင် | ဒဂုံတောင် | ၂၅ | ၄ | ဦးမောင်ကြိုင် | ဂရန်သစ် |
| ၁၁။ | ဦးသာခင်(ခ)သာအောင် | ၁၂/ရကန(နိုင်)၀၃၆၅၉ဂ | (၃၁၅)၊ သစ္စာလမ်း၊ (၉) ရပ်ကွက်၊ တ/ဥက္ကလာပ | ဒဂုံမြောက် | ၄၆ | ၁၅၇၅ | ဦးတင်မြင့် | ဂရန်သစ် |
| ၁၂။ | ဒေါ်ခင်ရင် | ၁၂/ကမတ(နိုင်) ၀၄၀၀၇၁ | ၁၂၊ အင်းလမ်း၊ | ကြည့်မြင်တိုင် | ၂၅ဆီး? | ၆၉ | ဦးမောင်မောင်ကြီး + ၁ | မြေပုံကူး |
| ၁၃။ | ဒေါ်ညို + ၁ | ၁၂/ကမတ(နိုင်) ၀၀၇ဂ၉၉ | ၃ဂ၊ ဆုန်းပင်လမ်း၊ | ကြည့်မြင်တိုင် | ၂၆စီ | ၁၃၉ | ဒေါ်ညို | အမည်ပြောင်း |
| ၁၄။ | ဦးစစ်လွင်+ဒေါ်သိန်းမြ | ၁၄/ပသန(နိုင်)၁၅၀၆၇၄ | ၁၀ဂ/၁၁ဂ၊ သံလွင်လမ်း၊ ဗဟန်း | ဗဟန်း | ၃၆G | ၇၆A/၃ | ဒေါ်ခင်မွယ်မြင့် | အမည်ပြောင်း |
| ၁၅။ | ဒေါ်ကြည်ကြည်ဝင်း | ၆/ကသန(နိုင်) ၀၃၀ဂ၄ဂ | ၁၆/အိုးဘိုလမ်း၊ | ကြည့်မြင်တိုင် | ၂၆ဒီ | V၂၀၆ | ဒေါ်သောင်း | အမည်ပြောင်း |
| ၁၆။ | ဦးအောင်သွင် | ၁၂/ရကန(နိုင်) ၀၂၇၀၃၂ | ၄/ E၊ ပြည်တော်အေးရိပ်သာလမ်း | ရန်ကင်း | ဂ၅ ကံဘဲ့ | ၄/၅ E | ဦး ရှိန်မွှေး + ၁ | အမည်ပြောင်း |
| ၁၇။ | ဒေါ်ခင်မြင့်မြင့် + ၁ | ၁၂/အစတန(နိုင်) ၀၂ဂ၁၇၀ | ၄/ D၊ ပြည်တော်အေးရိပ်သာလမ်း၊ (၇) ရပ်ကွက်၊ | ရန်ကင်း | ဂ၅ ကံဘဲ့ | ၄/၅ D | ဦး ရှိန်မွှေး + ၁ | အမည်ပြောင်း |
| ၁၈။ | ဒေါ်ကြူကြူတွန်း | ၁၂/တမန(နိုင်) ၀၄၇၄၇ဂ | (၂) ၊ ၁၆၆လမ်း ၊ | တာမွေ | ၃၄E | ၂၃၁ | ဦးညိုထွန်း (ခ) ဦးညို | မြေပုံကူး |
| ၁၉။ | ဦးစိုးဇော်သန့် | ၇/ကတခ(နိုင်) ၀၁၀ဂ၇၁ | ( ၂ ) ၊ ၉ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း | ဒဂုံအရှေ့ | ၉ | ၂ | ဗိုလ်မှူးကိုကိုကြီး | ဂရန်သစ် |
| ၂၀။ | ဦးမိုးဘာမက် + ၂ | ၁၂/ပဘတ(နိုင်)၀၂၂၄ဂ၂ | ၂၀၆/၂၀ဂ၊ ၂၁၀/၂၁၂ ၊ ၃၀လမ်း၊ ပန်းဘဲတန်း | ပန်းဘဲတန်း | 16D [3] | N ½ of III 18<br>S ½ of III 18 | H. H. M. Nakhuda | မြေပုံကူး |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးစောအောင်(၇၂)နှစ်

**ပုသိမ်ဒီဂရီကောလိပ်၊ မော်ကွန်းထိန်း(ငြိမ်း)**

ဘားအံတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ဒေါ်ဥမ္မာအောင်၏ဖခင် ဦးစောအောင်ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတ္တဗေဒဌာန**

**ဘားအံတက္ကသိုလ်။**

## သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီး မသဇင်ဦး [၁၂/သဃက(နိုင်) ၀၀၇၀၈၄]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် စိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း၊ နောက်နောင် မသဇင်ဦးသည် ကျွန်တော်၊ ကျွန်မတို့နှင့် လုံးဝမပတ်သက်တော့ပါသဖြင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည် မဟုတ်ပါကြောင်း။

**မိဘများ - ဦးကျော်သန်း-ဒေါ်မြင့်မြင့်ခင်။**

**Computer Service လိုအပ်နေသူများအတွက်**

NAWARAT Computer Sales, Maintenance & Rental
No.( 135 ), Bogalayzay St., Botahtaung Tsp,
Tel: 29 57 58, E-mail: nsnt@myanmar.com.mm

**ELITE Engineering Group**

Programmable Logic Controls (P.L.C)

ခရစ်တော်၌အိပ်ပျော်ခြင်း

## Pa Zel Khaw Tuan
## အသက်(၈၅)နှစ်

တီးတိန်မြို့နယ်၊ ထာလ်မွာလ်ရွာနေ (Pu Suan Gin-Pi Ngaih Zen) တို့၏သား၊ လွယ်ဘွားလ်ရပ်ကွက်နေ (Nu Luan Khaw Zo)၏ ချစ်လှစွာသောခင်ပွန်း၊ (Nu Zen Don Cing-Pa Tun Sian Pau)၊ Nu Cing Khan Hau-(Pa Hrang Lian)၊ Nu Luan Za Vung၊ Nu Zen Lian Niang-Pa Zen Za Dal၊ Pa Dai Za Thawn-Nu Cing Khawm Man၊ Pa Vungh Khan Piang-Nu Ciin Suan Niang ၊ Pa Thang Suan Tuang-Nu Cing Theih Huai၊ Pa Am Lian Kham-Nu Ciin Lun Zam တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၂၈ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး Pa Zel Khaw Tuan သည် ၂၁–၁–၂၀၀၄ရက် နံနက် ၉:၁၅နာရီတွင် လွယ်ဘွားလ်ရပ်နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃–၁–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး လွယ်ဘွားလ်ခရစ်ယာန်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ဖြူ
## အသက်(၆၈)နှစ်
(အောင်လံ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၅)၊ ပထပ်နေ (ဦးသိန်းဖေ–ဒေါ်နု)တို့၏ သမီး၊ (ဗိုလ်မှူး စိုင်းမွန်း)၏ဇနီး၊ (ဒေါ်မာမာရီ)–ဦးစောလွင်(K&W SYNLtd. )၊ဒေါ်သန်းသန်းဌေး–(ကပ္ပတိန်မြင့်စိုး)၊ ဦးစိုင်းအောင်မင်း(C/O Huap Choon Shipping Co;)–ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ဌေးဌေးစိုင်း–ဦးမြကြီးအောင်(C/O Lizstar Shipping Co)၊ (ဦးစိုင်းနိုင်အောင်)တို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၈–၁–၂၀၀၄ရက် ည ၇:၃၀နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀–၁–၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## တပ်ကြပ်တင်ထွဋ်(ခ)
## တွတ်ပီ(ခ)လူပု (၃၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အမှတ်(၃၆–B)၊ အောင်တော်မူလမ်းနေ ဦးညီညီ(စိုက်ပျိုးရေး၊ ငြိမ်း)–ဒေါ်သိန်းမြ(လှိုင်လင်)တို့၏ သားထွေး၊ ဒေါ်စိန်စိန်(အမက–၂၂၊ ဗဟန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်အောင်မျိုးထွဋ် (ခ) အာရာဖတ် (အထက–၃၊ ဒဂုံ)၏ ဖခင်၊ ဦးမြင့်ဝေ–ဒေါ်အေးအေးကြူ၊ ဦးမြင့်ထွန်း–ဒေါ်အေးအေးမူ၊ ဦးအောင်ညီညီ–ဒေါ်သန်းသန်းအေးတို့၏ ညီ/မောင်၊ တူ၊ တူမ လေးယောက်တို့၏ ဦးလေးသည် ၂၇–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးအေးချို (၇၆)နှစ်
(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နေ ဒေါ်ချစ်စိန်၏ ခင်ပွန်း၊ ဦးဝင်းမြင့်၊ ဒေါ်ခင်မာဝင်း၊ ဦးတင်နွဲ့ – ဒေါ်ခင်အေးဝင်း၊ ဦးစန်းထွန်း–ဒေါ်ခင်ချို၊ ဦးသောင်းကျော်၊ မခင်နှင်းဖြူ၊ မောင်တင်ထွန်းဇော်၊ မခင်နှင်းမူ၊ ဗိုလ်ကြီးသန်းထွေးဇော်–မဇာနည်လွင်တို့၏ဖခင်သည်၂၇–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂:၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၃၁–၁–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဦးဆိတ်ညွန့် (၆၇)နှစ်
**ထီးတန်းဆိပ်ကမ်း၊ ကတ္တူဌာန၊ အလုပ်သမားမှူး (ငြိမ်း)**
(ပိုးကုန်း)

မုံရွာခရိုင်၊ဘုတလင်မြို့နယ်၊ပိုးကုန်းရွာနေ (ဦးစံရ–ဒေါ်ငွေရိန်)တို့၏ သား၊ (ဦးကောင်းညွန့်)၊ (ဒေါ်ငွေကြည်)တို့၏ ညီ/မောင်၊ (ဦးမောင်အုန်း)၊ ဦးအောင်ညွန့်တို့၏ အစ်ကို၊ (ဦးအေး)၊ ဒေါ်အေးရီတို့၏ သားသမက်၊ ဒေါ်မြရွှေ၏ခင်ပွန်း၊ ကိုလှမျိုးအောင်[မောင်လှမျိုး(ချင်းချောင်းခြံ)]၊ မရင်ရင်ဌေး၊ မအေးအေးနွဲ့၊ မောင်သန်းဝင်းအောင်၊ မောင်အောင်ကျော်လင်း၊ မောင်ကောင်းမြတ်စံတို့၏ ကျေးဇူးရှင်ဖခင်၊ ဦးဆိတ်ညွန့်သည် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၂၂) နေအိမ်တွင် ၂၇–၁–၂၀၀၄ရက် နံနက် ၁၂:၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

နာမကျန်းစဉ်ဖြစ်စဉ်အတွင်း ပြုစုကုသပေးကြသော ဆရာဝန်ကြီးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

## မောင်ကျော်ပိုင်ထွန်း(ခ)
## ပိုင်ပိုင် (၁၄)နှစ်
**အဋ္ဌမတန်း(ဃ)၊အလက(၁)ဒဂုံ၊ရန်ကုန်**

ရန်ကုန်မြို့၊ အမှတ်(၃၂)၊ သန္တာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးထွန်းဝင်း–ဒေါ်ကြူကြူခင်၊ (ဦးလဆီးတန်ဝွန်း)–ဒေါ်အားယမ်တို့၏ ချစ်လှစွာသော မြေး၊ ဦးထွန်းထွန်း – ဒေါ်လဆီးဒွဲဘူတို့၏ ချစ်လှစွာသောသားဦး၊ မသာယာမြတ်နိုးထွန်း(စတုတ္ထတန်း–ဃ၊ အလက–၁၊ ဒဂုံ၊ ရန်ကုန်)၏ ချစ်လှစွာသော အစ်ကို၊ Dr. ဦးဇော်လွင်၊ ဦးလှဝင်း–ဒေါ်မိမိခင်၊ ဦးသက်ထွန်း–ဒေါ်ခင်စုစုမင်း၊ ဦးထွန်းထွန်းလှိုင်–ဒေါ်လဆီးကော့မိုင်၊ဦးအောင်မြင့်–ဒေါ်လဆီထွယ်ရာတို့၏ ချစ်လှစွာသောတူ၊ မအေးသီရိသက်ထွန်း၊ မအေးမြတ်ကြည်ဖြူ၊ မရိကဝင်း၊ မအေးအိန္ဒြာ၊ မောင်ဇော်လင်းနောင်၊ မောင်အောင်ဗလတို့၏ ချစ်လှစွာသောအစ်ကို၊ မောင်ဒူတွဲ၊ မောင်ဒူနော်တို့၏ချစ်လှစွာသောညီသည် ၂၇–၁–၂၀၀၄ရက် မွန်းလွဲ ၁၂:၁၅နာရီတွင် ဆာကူရာအထူးကုဆေးခန်းကြီး၌ ကွယ်လွန်ပါ၍ ၂၉–၁–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဗိုလ်ကြီးအေးကျော်(ငြိမ်း)
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈)**
## အသက်(၈၃)နှစ်

မန္တလေးမြို့နေ (ဦးမှတ်–ဒေါ်ရီ)တို့၏ သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြင်သာ၊ အမှတ်(၈၂/၂)၊ ဟသာလမ်းနေ ဒေါ်ငယ်ငယ်၏ ခင်ပွန်း၊ ဦးစံလှဦး–ဒေါ်ခင်မြင့်အေး(စက်မှု–၂)၊ ဦးဇော်ဝင်း၊ (ဦးအောင်သင်း)၊ ဦးအောင်မြင်–ဒေါ်ခင်ခင်စန်း၊ ဒေါ်ဝင်းမာအေး(သံမဏိစက်ရုံ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဝင်းကျော်မြင်(အထက–၂၊ ဗဟန်း)၊ မဆွေဆွေစံ (TTC)၊ မောင်ညီညီအောင်မြင်(အမက–၃၊ ဗဟန်း)တို့၏ အဘိုးသည် ၂၇–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

## ဒေါ်သန်းညွန့် (၇၆)နှစ်
(ခရမ်း)

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ မင်းလမ်း၊ (၂)ရပ်ကွက်နေ (ဦးစိန်–ဒေါ်လှခင်)၊ (ဦးဘလွင်–ဒေါ်အုံးမျှင်)တို့၏ သမီးချွေးမ၊ (ဦးလှသော်)၏ ဇနီး၊ ဦးဃောသိတ(စစ်ကိုင်း)၏ ရဟန်းအမ၊ (ဒေါ်အုံးကျင်)၊ (ဦးမောင်ဟန်)–ဒေါ်အုံးရှင်၊ (ဦးရဲသောင်း–ဒေါ်အုံးမေ)၊ (ဦးမြင့်သိန်း–ဒေါ်အုံးရင်)၊ (ဦးကြည်)–ဒေါ်ခင်အိ၊ ဦးမြင့်နီ–ဒေါ်ထွေး၊ (ဦးအောင်သန်း–ဒေါ်အုံးမြင့်)၊ ဦးကြည်လွင်–ဒေါ်ထွေးရီတို့၏ ညီမ/အစ်မ၊ ဦးအောင်မြတ်ထွန်း(စွမ်းအင်ဝန်ကြီးဌာန)–ဒေါ်အေးအေး၊ ဦးစောလွင်–(ဒေါ်ခင်စောမူ)၊ ဦးအောင်ကျော်မြင့်–ဒေါ်တင်နွဲ့မူ၊ ဦးဝင်းရွှေ–ဒေါ်စန်းစန်းတင့်(အထက–၂၊ မြို့မ)၊ ဒေါ်မြင့်မြင့်သူ(အမက–၁)၊ ဒေါ်သန်းသန်းဆင့်(အထက–၁)၊ ဦးသန်းဦး(မြို့တော်စည်ပင်) – ဒေါ်သီတာ၊ မောင်သန်းဇော်ထွန်းတို့၏ မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၆–၁–၂၀၀၄(တနင်္လာနေ့)တွင် ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၈–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးစောအောင် (၇၂)နှစ်
**မော်ကွန်းထိန်း(ငြိမ်း)**
**ရန်ကုန်ပညာရေးတက္ကသိုလ်(ဟင်္သာတ)**

ကျေးဇူးရှင်ဆရာကြီး ဦးစောအောင်သည် ၂၅–၁–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ လိုက်ပါ ပို့ဆောင်ကြမည့် လုပ်ဖော်ကိုင်ဖက်ဆရာကြီး၊ ဆရာမကြီးများ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များ၊ ပညာရေးဘွဲ့ရ တပည့်အပေါင်းအား ပညာရေးတက္ကသိုလ်ရှေ့မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်မည်ဖြစ်ကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

ပညာရေးဘွဲ့ရ တပည့်များ။

## ဒေါ်မာမာညွန့် (၅၇)နှစ်

မန္တလေးမြို့၊ ဒိုင်တော်ရပ်နေ ဒုတိယဗိုလ်မှူးကြီး(ဦးညွန့်တင်)–ဒေါ်မြသောင်းတို့၏ သမီး၊ ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်နေ (ဦးစံသိန်း)–ဒေါ်သင်းတို့၏ သမီးချွေးမ၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊(၅)ရပ်ကွက်၊ အမှတ်(၈၇၉)၊ တော်ဝင်လမ်းနေ ဦးကြင်သိန်း၏ ဇနီး၊ မယဉ်မော်ဦး၊ မောင်ကျော်မင်းပိုင်–မထားဥမ္မာ၊ မောင်ဇော်မင်းထွန်း–မနှင်းအေးယဉ်၊ မဇင်ဝင်းထိုက်၊ မောင်စည်သူ–မအိရွှေဇင်၊ မောင်အောင်ထင်ကျော်တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၇–၁–၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## မယဉ်ယဉ်ဝင်း (၃၆)နှစ်
**B.A (Oriental Studies)**

လပွတ္တာမြို့နယ်၊ (၆)ရပ်ကွက်နေ ဦးဝင်းရွှေ–ဒေါ်ရီသန်းတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ စောရန်ပိုင်တောင်ရပ်ကွက်၊ တိုက်(၁)၊ အခန်း(၂၆)၊ ငုဝါလမ်းနေ ကိုစိုးတင့်(IWT)၏ဇနီး၊ မောင်သီလစိုးတင့်(အထက–၄၊ အလုံ၊ သူငယ်တန်း–ဂ)၏မွေးမိခင်၊ မချိုချိုဝင်း၊ ဗိုလ်ကြီးစောထွန်း–မနီနီဝင်း၊ကိုသိန်းဇော်ဦး–မစန်းစန်းဝင်း၊ မောင်အောင်ကိုဝင်း–မနေခြည်ဦးတို့၏ အစ်မကြီးသည် ၂၈–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀–၁–၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်ညွန့်ရီ (၈၁)နှစ်
**ဆက်သွယ်ရေး(ငြိမ်း)**
(ပြည်မြို့)

ပြည်မြို့၊ အမှတ်(၄၀၃)၊ ရုံးလမ်း၊ ဆေးရေးရပ်ကွက်နေ ရှေ့နေ (ဦးဝိုင်း–ဒေါ်ဖွား)တို့၏ သမီး၊ [ဦးဖေသန်း၊ ထောင်ပိုင်ကြီး၊ အဆင့်(၁)၊ ငြိမ်း]၏ဇနီး၊ ဦးကျော်ကျော်သန်း–ဒေါ်တင်တင်ဝင်း၊ ဦးညီညီသန်း–ဒေါ်ညိုညို၊ ဦးကျော်မြင့်–ဒေါ်ညွန့်ညွန့်သန်း၊ ဦးချိုသန်း၊ ဦးမင်းသူအောင်–ဒေါ်နွဲ့နွဲ့စန်းတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၆–၁–၂၀၀၄ရက် ည ၉:၃၀နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းအမကြီး

## ဒေါ်ငြိမ်းလှ (၈၁)နှစ်
(ကျုံပျော်၊ အင်းရဲ)

ရန်ကုန်မြို့၊ အမှတ်(၁၂၃)၊ ဗိုလ်ချုပ်လမ်းနေ (ဦးဖေ–ဒေါ်မိုန်)တို့၏သမီး၊ (ဦးဘခင်)၊ (ဦးဘထွန်း)၊ (ဒေါ်မကြီး)၊ (ဦးဘကွန်း)၊ (ဦးစိန်လှ)၊ ဒေါ်တင်လှ၊ (ဒေါ်ခင်သိန်း)၊ ဒေါ်ခင်သန်း၊ (ဦးစိန်ခ)၊ (ဦးစိန်မြ)တို့၏ ညီမ၊ (ဒေါ်သိန်းမြ)၊ (ဒေါ်တင်နု)၊ (ဒေါ်ခင်ဥ)တို့၏ ချစ်လှစွာသော အစ်မ၊ ဦးသိန်းဖေ၊ ဦးတင့်ဆွေ–ဒေါ်ခင်လှဝင်း၊ ဒေါ်ပြုံးပြုံး၊ (မောင်ခင်ထွန်း)၊ ဒေါ်ရီရီ၊ ဦးဌေးလွင်၊ ဦးအေးကြိုင်တို့၏ အဒေါ်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၂၈–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀–၁–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးစောအောင် (၇၂)နှစ်
(ဟင်္သာတ) ဒေါင့်ကြီး
**ပညာရေးတက္ကသိုလ်မော်ကွန်းထိန်း(ငြိမ်း)**
**လားရှိုးဒေသကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း)**
**ပုသိမ်ဒီဂရီကောလိပ်မော်ကွန်းထိန်း(ငြိမ်း)**

ဟင်္သာတမြို့နေ (ဦးပန်းမှု–ဒေါ်ရွှေသစ်) တို့၏သား၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်(၂၆–၄)၊ အခန်း(၂၀၄)နေ (ဒေါ်တင်တင်ရီ)၏ခင်ပွန်း၊ ဦးအောင်ငြိမ်း–ဒေါ်ညွန့်ရီ (ကျောက်တန်း)၊ ဦးသန်းဝင်း – ဒေါ်အုံးမြင့် (ဟင်္သာတ)၊ ဦးကျော်ဝင်း–ဒေါ်မြတ်လေးတင် (စက်မှု–၁)တို့၏ အစ်ကိုကြီး၊ ဒေါ်သက်သက်မာ (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မန္တလေး၊ အဝေးသင်တက္ကသိုလ်)၊ ဒေါ်နီလာအောင်(အလက–၅၊ရန်ကင်း)၊ ဗိုလ်မှူးကျော်သန့်ဇင် – ဒေါ်ကြည်ကြည်ခ (ပညာရေးသုတေသနအဖွဲ့)၊ ဦးမင်းမင်း – ဒေါ်နွဲ့နွဲ့အောင် (မြစ်ကြီးနား ဆက်သွယ်ရေး)၊ ဒေါ်ခိုင်ခိုင်အောင် (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဒေါ်ဥမ္မာအောင် (ဘားအံတက္ကသိုလ်)တို့၏ဖခင်၊ မောင်သန့်ဇော်ဝင့်(VIII-H)၊ မောင်မင်းခန့်ကျော်(III-B TTC)၊ မောင်မင်းမောင်မောင်တို့၏ အဘိုးသည် ၂၅–၁–၂၀၀၄ ရက် ည၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကုကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးကြည်ဝင်း (၆၁)နှစ်
**( B.A,H.G.P,RL)**
**ဗဟိုတရားရုံးချုပ်ရှေ့နေ**
(ပခုက္ကူ)

ပခုက္ကူမြို့၊ မုံညင်းစုရပ်နေ (ဦးရာစိုး)–ဒေါ်စန်းရင်(ကျားကြီးဆေးရိုးစက်)၏ သားကြီး၊ မန္တလေးမြို့နေ (ဦးဘစိမ်း–ဒေါ်မကြီး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်း၊ (၂၁)၊ ဇလွန်လမ်းနေ ဒေါ်ညွန့်ညွန့်နွယ်(အလင်းရောင်စာပေ ယမုန်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစံရွှေသိန်း(သချာ)–မနှင်းဥကြည်(နှင်းဥ–ရတနာပစ္စည်းအငှားလုပ်ငန်း၊ ရှမ်းလမ်းဈေး)၊ ကိုခိုင်ဇော်ဝင်း(2nd Engineer)–မအေးအေးခိုင်၊ကိုအောင်နိုင်ကြည်–မဝင်းဝင်းအောင်(ရွှေယုန်ရတနာရွှေဆိုင်၊ ရှမ်းလမ်းဈေး)၊ ကိုဇာနည်ဝင်း( Final Year Chem U.D.E)၊ မဝတ်မှုံဝင်း[Alliance Frangaise(1st Year)၊ မနန်းထက်ဝင်း (Final Part-1 ဆေး–၁)တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ဖြိုးကိုကိုဟိန်း(အထက–၂၊စမ်းချောင်း)၊ မောင်ထူးစံဝင်း(III-E၊ အလက–၁၊ ဒဂုံ)၊ မအေးစံဝင်း၊ မခိုင်အေးချမ်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၇–၁–၂၀၀၄ရက် နံနက် ၃:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

## ဒေါ်လှတင် အသက်(၉၀)
**နာယကကြီး(ကျုံမငေးအသင်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ခြံအမှတ်(၄၇)နေ ကျုံမငေးမြို့၊ (ဦးဘိုးဆော့–ဒေါ်သန်းရီ)တို့၏ သမီး၊ ဦးရဲထွဋ်–ဒေါ်တူ၊ ဦးရဲဗလ–ဒေါ်ဝင်း၊ ဦးဘိုထွေး–ဒေါ်ခင်စန်းမြင့်၊ ဦးတင့်ဆွေ–ဒေါ်ကြည်ကြည်ဝင်းတို့၏ မိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၂၇–၁–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်ပါ၍ ၂၉–၁–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသား၊ အသင်းသူများလိုက်ပါပို့ဆောင်ကြပါရန်။ (ကျုံမငေးအသင်းတိုက်ရှေ့မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

## ဦးကျော်မြင့် အသက်(၇၀)
**(ယခင်အထက–၅၊ဗိုလ်တထောင်နှင့် အထက–၁၊ဒဂုံဆရာဟောင်း)**
(သာစည်)

သာစည်မြို့နေ အထွေထွေအထူးကုဆရာဝန်ကြီးဒေါက်တာS.Kဒတ္တား၊ ဒေါ် S.Rဒတ္တားတို့၏ သား၊ ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊အမှတ် (၁၀၅)၊ (၅၂)လမ်းနေ ဒေါ်ခင်လေးမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်မာလာမြင့် –ဦးအောင်ဖေသန်း(Calcorn Co., Ltd.)၊ကိုကျော်မြင့်ဦး၊ဦးကျော်ကျော်မြင့်၊ ကိုကျော်ကျော်ထွေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်မြတ်ကောင်း(အထက–၅၊ ဗိုလ်တထောင်)၏ဘိုးဘိုးကြီး၊ ဦးကျော်မင်း၊ (ဦးကျော်ဝင်း)၊ (ဦးရာမူး)၊ ဦးမင်းလွင်၊ ဦးအောင်လွင်၊ ဒေါ်နီနီ၊ ဒေါ်မာယာတို့၏အစ်ကိုကြီးသည် ၂၈–၁–၂၀၀၄ ရက်တွင် ကန်သာယာအထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးကိုကိုနိုင် (၃၉)နှစ်

ရန်ကုန်မြို့၊ တိုက်(၁)၊ အခန်း(၁၈)၊ လမ်း(၅၀)နေ (ဗိုလ်ကြီးတင်မောင်ညွန့်၊ ငြိမ်း)–ဒေါ်မြင့်မြင့်သန်းတို့၏ သား၊ တွံတေးမြို့၊ ငှက်ပျောစုကျေးရွာနေ ဦးဝင်းမောင်တင်–ဒေါ်လှလှရီတို့၏ ညီ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးမောင်ဇော်–ဒေါ်သီတာတင်တို့၏အစ်ကို၊ မောင်ကောင်းထက်ကျော်၊ မောင်နေရဲထက်၊မဇင်ထွေးစီ၊မအိနိုင်မြင့်၊မောင်နိုင်နိုင်ထက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၂၇–၁–၂၀၀၄ (အင်္ဂါနေ့) ည ၇:၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၉–၁–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၄:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးသိန်းဇော်ဦး (၃၄)နှစ်
(ချောက်မြို့)

ချောက်မြို့၊ အမှတ်(၈)၊ နယ်မြေ၊ ပုဂံစုရပ်နေ (ဦးသောင်းစိန်)–ဒေါ်ကျင်စိန်တို့၏ သားထွေး၊ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် သုတ္တန္တမဟာဌာန နည်းပြအရှင်ဥတ္တရ၊ ဦးထွန်းထွန်းဦး–ဒေါ်စန်းစန်းဝင်း၊ ချောက်မြို့နေ ဦးအောင်ဇော်ဦး – ဒေါ်ချိုချိုဝင်းတို့၏ ညီငယ်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းရပ်နေ ဦးကြည်ဝင်း–ဒေါ်ချိုတို့၏ သားသမက်၊ ဒေါ်တင်တင်ချို၏ချစ်လှစွာသောခင်ပွန်း၊ မသင်းနန္ဒာစိုး(ခ)မခြူးအိန္ဒြေ၏ဖခင်သည် ၂၆–၁–၂၀၀၄(တနင်္လာနေ့) နံနက် ၃:၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ချောက်မြို့ ရတနာအိုင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ကိုထွန်းထွန်းလတ်(၃၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင် လမ်းမကြီး၊ အမှတ်(၄၂၀)နေ ဦးသန်းမြင့်(သန်းမြင့်စက်မှုလက်မှုတောင်ဒဂုံစက်မှုဇုန်–၃)–ဒေါ်နီတို့၏ သား၊ ဦးစံဝင်း–ဒေါ်တင်တင်ဝင်းတို့၏ သားသမက်၊ မောင်သန်းဦး–မဥမ္မာအေးတို့၏ ညီ၊ မအိအိသန့်၊ မသီတာသန်းတို့၏ အစ်ကို၊ မသန်းသန်းဌေး၏ခင်ပွန်း၊ မအင်ကြင်းမွှေး၏ ဖခင်သည် ၂၈–၁–၂၀၀၄ရက် နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀–၁–၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ(ရေစကြို/မြိုင်)
## သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ နိပဆေးတော၊ ပြည်တော်အေး၊ အောင်ချမ်းသာရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒောဘာသ သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၇ရက်)၊ ၂၉–၁၂–၂၀၀၃ရက် ည ၁၂:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂ ရက်)၊ (၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆၊ ၁၇ရက်)များတွင် အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ရေစကြိုမြို့နယ်၊ နိပဆေးတောရွာနှင့် မြိုင်မြို့နယ်၊ပြည်တော်အေးရွာ၊အောင်ချမ်းသာရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တပဏ္ဍဝ(နိုင်ငံတော်ဩဝါဒါစရိယ)**
(ကျောက်ဖြူမြို့)

## သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ
## သိက္ခာတော်(၆၄)ဝါ၊ သက်တော်(၈၄)နှစ်

**အင်းတော်၊ ဘဟန်းတောင်နှင့် ဓမ္မဟိတပဝိရဏာ ဂိုဏ်းတို့၏ ဂဏာဓိပတိ(ဂိုဏ်းချုပ်)**

**ဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်၏ ဦးစီးပဓာန နာယက သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဍဝ မဟာထေရ်မြတ်သည် ၁၃၆၅ခု တပို့တွဲလဆန်း(၄)ရက် ၂၅–၁–၂၀၀၄(တနင်္ဂနွေနေ့) ည ၉:၁၅နာရီတွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် မြောက်ပိုင်း၊ ၅၀ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အောင်မြေရတနာကျောင်းတိုက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကျောက်ဖြူမြို့၊ ဘုရားကြီးကျောင်းတိုက်သို့ ပင့်ဆောင်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

(ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကမ်းထောင်ကြီးအုတ်ကျောင်းဆရာတော်နှင့်ဘုရားကြီးတိုက်အုပ်ဆရာတော်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကောဏ္ဍညမဟာထေရ်
## သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၆)

**မြို့နယ်ဩဝါဒါစရိယ၊ သုဓမ္မာနိကာယနာယက**
**သစ်တိုကျွန်းကျောင်းတိုက်ပဓာနနာယက**

မွန်ပြည်နယ်၊ဘီးလင်းမြို့နယ်၊ သစ်တိုကျွန်းကျေးရွာ၊ သစ်တိုကျွန်းကျောင်းတိုက် ပဓာနနာယက၊ မြို့နယ်ဩဝါဒါစရိယ၊ သုဓမ္မာနိကာယ နာယကဖြစ်တော်မူသော ဘဒ္ဒန္တ ကောဏ္ဍညမဟာထေရ်သည် (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၄ရက်) ၂၅–၁–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၁၂ရက်) ၂–၂–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင်ဆင်ယင် ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ သစ်တိုကျွန်းကျေးရွာ၊ ဘီးလင်းမြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပညာဓဇမဟာထေရ်
## သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၈)နှစ်

**ကျောက်တံခါးမြို့နယ်၊ ရွှေဝါစိတ္တသုခကျောင်းဆရာတော်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သံပုရာတိုင်းရွာ ဦးစံလှရွှေ–ဒေါ်မစိန်ခိုင်တို့၏ သား၊ ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ ရွှေဝါရွာစိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တပညာဓဇ မဟာထေရ်သည် (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၄ရက်) ၂၅–၁–၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၅:၂၀နာရီတွင် စိတ္တသုခကျောင်း၌ ပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၁၂ရက်)၊ ၂–၂–၂၀၀၄ (တနင်္လာနေ့) နေ့လယ်တွင် ရွှေဝါရွာစိတ္တသုခကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

အောင်ဆန်းတောရဆရာတော်နှင့် ဒါယကာ၊ဒါယိကာမများ။

## ဦးမြင့်ချို (၄၈)နှစ်
**ကြီးကြပ်ရေးမှူး၊**
**မြန်မာ့အသေးစားချေးငွေလုပ်ငန်း(ရုံးချုပ်)**
(ကျောက်ဖြူ)
**(ရာသက်ပန်အသင်းဝင်အမှတ်–၁၀၈၂)**

တိုက်(၂၈၉/၂၇)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်(၈)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးဘကြိုင်–ရဲမှူး၊ ငြိမ်း)၊ (ဒေါ်ကြည်)တို့၏ သား၊ (ဒေါ်ဇဖြူ)၊ (ဒေါ်ဇမယ်)၊ (ဒေါ်ဇပု)နှင့် (ဦးဘကြည်၊ ဒု–အထွေထွေမန်နေဂျာ၊ အသေးစားချေးငွေဌာန)တို့၏ တူ၊ (ဦးတင်ဦး)–ဒေါ်မသိန်း၊ ဒေါ်တင်မေ–ဦးစံကျော်၊ ဒေါ်တင်ရီ၊ ဒေါ်တင်အေး (ကျောက်တံတားသ/မ)၊ ဦးတင်ထွန်း (အမှတ်–၁၊ သတ္တုတွင်းလုပ်ငန်း)၊ (ဦးမြင့်ကြည်)–ဒေါ်အုံးတို့၏ ညီ/မောင်၊ ဒေါ်မြင့်မြင့်ရီ(အထက–၂၊ လသာ)၏ အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးချေသည် ၂၇–၁–၂၀၀၄ (အင်္ဂါနေ့) နံနက် ဝ၀:၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီနှင့် ကျောက်ဖြူအသင်းမှကားများ အထက်ပါနေအိမ်မှ ထွက်ပါမည်။ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

## တပ်ကြပ်ကြီးမန်ကြူး
## (Sgt.Mang Cung)
## အသက်(၅၉)နှစ်

ချင်းပြည်နယ်၊ထန်တလန်မြို့နယ်၊ Ti Kir ကျေးရွာနေ (Pu Lian Dun), (Pi Thluai Tang)တို့၏ သား၊ Pi Renh Cin (ဒေါ်ရင်ကြည်)၏ ချစ်လှစွာသော ခင်ပွန်း၊ David Van Ling-Nu Ca Tin Par၊ Elviss Vung Lian(ထွန်းထွန်းဦး)–မအေးအေးသန်း၊ Joseph Cung Bik(ဇော်မြင့်ဦး)၊ Samual Van Biak Lian(ထွန်းလင်းအောင်) Anna Mang Chin Tial(မဝါဝါလင်းနွယ်)–ကိုစိန်မြသောင်းထွန်းတို့၏ ဖခင်၊ Daw Tial Thai ၏ မောင်၊ U Tial Ling, Nu Tin Cer Mang, Nu Tin Par နှင့် U Tial Bik တို့၏ ဦးလေး၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၆–၁–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀–၁–၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးအအေးတိုက်ခန်းမ၌ ဝတ်ပြုပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [မော်တော်ယာဉ်များ မ/ဒဂုံ (မန္တလေးမှတ်တိုင်)၊ ယုဇနဥယျာဉ်မြို့တော်၊ လှိုင်သီရိအိမ်ရာ (လှိုင်မြို့နယ်)၊ L.B.C Centre(ခဲဝဲခြံ)နှင့် နေအိမ် (ဝါယာလက်၊ မင်္ဂလာဒုံ)တို့မှ နံနက် ၁၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184**

**အမှတ်တရဓာတ်ပုံ**

ဇန်နဝါရီ ၂၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်မြို့တွင် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမတွင် အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

# သွားဘက်ဆိုင်ရာဆေးပညာ တိုးတက်ရေး နိုင်ငံတော်အစိုးရက အလေးထားစီမံဆောင်ရွက်ပေးနေ ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးအဆင့်အတန်းနှင့် အသိပညာ ထင်ထင်ရှားရှား တိုးတက်မြင့်မားလာ

## နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းရေးအတွက် သွားဘက်ဆိုင်ရာ ဆရာဝန်များအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်စွမ်းဆောင်

ရန်ကုန် ဇန်နဝါရီ ၂၈

(၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် ပဉ္စမအကြိမ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း (World Dental Federation-FDI) နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန် ညီလာခံနှင့် ပဉ္စမအကြိမ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း (FDI)နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီများ၏ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)